စိတ်ကူးချိုချိုအနုပညာ

ပုဂံခေတ်အစ

# သူဌေးမရွှေရွှေ

စစ်ကိုင်းဦးဘိုးသင်း



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

သဘာဝတရားသူကြီးသည်
အပြစ်ရှိသူကို ချမ်းသာမပေး။
အပြစ်ရှိသူများသည် သဘာဝတရားသူကြီး၏
စီရင်ခြင်းမှ လွတ်ကင်းဖို့ ခဲယဉ်းပေသည်။
အပြစ်ရှိသူသည် အသို့နည်း။
ဘယ်လို အပြစ်ရှိပါသနည်း။



ပုဂံခေတ်အစ

# သူဌေးမရွှေရွှေ

**စစ်ကိုင်းဦးဘိုးသင်း**

anb0030
2700.00 Ks

mgyoe.com

mgyoe.com

ပုဂံခေတ်အစသူငွေးမရှေ့ရှေး စစ်ကိုင်းဦးဘိုးသင်း။
မျက်နှာဖုံးပန်းချီ - အောင်ကျော်၊ စာမျက်နှာ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဩဂုတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၅ ၃ စန္ဒာဝင်းစာအုပ်တိုက်၏ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

ပုဂံခေတ်အစ

# သူဌေးမရွှေရွှေ

စစ်ကိုင်းဦးဘိုးသင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပုဂံခေတ်အစ

# သူဌေးမရှေးရှေ့ဝတ္ထု

အဆွေသည် ငါ့ကို ရှုတ်ချလော့၊ ဆဲရေးလော့၊ တိုင်းထွာလော့။ ငါကား သဘာဝနက်ကိုသာ ဆောင်နိုင်မည်။ ဆောင်နိုင်သည်ဟု ငါမဆို၊ ဆောင်မည်။

လောကသည် သဘာဝတရားသူကြီး၏ စီရင်ခြင်းမှ မလွှဲသာနိုင်၊ မခုခံနိုင်၊ မပြုပြင်နိုင်။ ဤသည်ကို သတိထားရာသည်။ အချို့တိုင်းပြည်နိုင်ငံ၌ အလွန်ချမ်းအေးလွန်းလှ၍ လူများသည် အအေးဒဏ်ကို မခံနိုင်သောကြောင့် သေကြရသည်။ လမ်းပေါ်များတွင် ဆီးနှင်းများသည်ခဲ၍ ငါးပေခန့် မြင့်တက်နေသည်။ မိုးသီးများ အဆမတန်ရွာကျ၍ ကောက်ပဲသီးနှံများ ပျက်စီးရသည်။

အချို့တိုင်းပြည်များမှာ မီးတောင် ပေါက်ကွဲခြင်းဖြင့်လည်းကောင်း၊ မိုးရွာခြင်းဖြင့်လည်းကောင်း၊ လေတိုက်၍ လှိုင်းတံပိုးကြီးမြင့်ကာ

mgyoe.com

mgyoe.com
ရေလွှဲခြင်းကြောင့်လည်းကောင်း ပျက်စီးရသည်။ အချို့တိုင်းပြည်မှာ လေအကြီးအကျယ်တိုက်၍ ပျက်စီးရသည်။ ရှေးရှေးအခါက မတွေ့မကြုံဖူးသောဘောဆိုးမျိုးနှင့် တွေ့ကြရသည်။ ဤသည် ကပ်ဆိုးဟုဆိုကြသည်။ တစ်ခါတစ်ရံ စစ်အကြီးအကျယ်ဖြစ်သည်။ ထိုသို့ဖြစ်ခြင်းကြောင့် လူပေါင်းများစွာသေကျေပျက်စီးရသည်။

ထိုသို့သော သဘောသည်ကား သဘာဝတရားသူကြီး၏ တရားစီရင်ခြင်းကို ခံကြရခြင်းဖြစ်သည်။ ထိုသို့ ငါရေးခြင်းသည် လောကမှ ငါ့ကိုရှုတ်ချရန် ဆဲရန်မျှသာဟု ငါဆိုသည်။

သဘာဝတရားသူကြီးသည် အပြစ်ရှိသူကို ချမ်းသာမပေး။ အပြစ်ရှိသူများသည် သဘာဝတရားသူကြီး၏ စီရင်ခြင်းမှ လွတ်ကင်းဖို့ ခဲယဉ်းပေသည်။ အပြစ်ရှိသူသည် အသို့နည်း။ ဘယ်လိုအပြစ်ရှိပါသနည်းဟု စေ့ငုရမည်။

အလိုရှိခြင်း၊ တုန်လှုပ်ခြင်း၊ ထောင်လွှားတက်ကြွခြင်းတို့ဖြင့် သူတစ်ပါးကို နှိပ်စက်သည်၊ ညှဉ်းပန်းသည်၊ ကြင်နာသနားခြင်းမဲ့ သူ့အသက်ကို ရက်စက်စွာ သတ်ဖြတ်သည်။ တစ်နည်းတုံ ပျော်မွေ့နေသောသတ္တဝါများကို သေစေသည်။

ထိုအကြောင်း သုံးပါးတို့ဖြင့် ငွေတိုးကြီးစွာစားခြင်း၊ အမြတ်ကြီးစွာယူခြင်း၊ လုပ်ခများစွာတောင်းခြင်း၊ ပေးသင့်သော လုပ်ခကို မပေးခြင်း၊ ခိုးခြင်း၊ တိုက်ခိုက်ယူခြင်း၊ လိမ်လည်လှည့်ဖြားယူခြင်း စသည်ဖြင့် သူတစ်ပါး၏ပစ္စည်းကို တရားမဲ့ယူခြင်း စသည်တို့ ဖြစ်လေသည်။

ထိုအကြောင်းသုံးပါးတို့ဖြင့်ပင်လျှင် ကာမဂုဏ်၌ မှားသောအကျင့်ကို ကျင့်ခြင်း၊ အပျော်ကျူး၍ ကာမဂုဏ်မှု၌ မှားယွင်းလာခြင်း၊ ညစ်ပတ်ခြင်း၊ လိမ်လည်ခြင်း စသည်တို့ ဖြစ်ချေသည်။

သဘာဝတရားသူကြီး၏ အပြစ်ဒဏ်ခံရသူအားလုံးသည် ထိုကဲ့သို့သောအပြစ်အတွက် အကျင့်ကိုပြုကျင့်၍ အကျင့်ရှိသောကြောင့်လောဟုစောဒကပြုဖွယ်ရှိသည်။ ထိုသို့ပြုကျင့်သောကြောင့် အပြစ်ရှိသူများနှင့်ဆက်ဆံပေါင်းသင်းခြင်းကို မကင်းနိုင်လေရကား ပျဉ်ပြားတစ်ချပ်၏အစွန်းကိုထုသော် ပျဉ်ပြားတစ်ချပ်လုံး တုန်ရသည်အလား ဆက်စပ်ခြင်း
mgyoe.com

mgyoe.com
ဆက်သွယ်ခြင်းတို့ကြောင့် ဖြစ်ချေသည်။

ထိုသို့သောသဘောဖြင့် တိုင်းပြည်နိုင်ငံများသည် တဖြည်းဖြည်း ပြောင်းလဲလာလေသည်။ ထိုသို့ပြောင်းလဲခြင်း၌ ပြောင်းလဲရန် ကြုံကြိုက်လာသောအခါ လူတို့သည် အပြစ်ကိုသာမြင်၍ အကျိုးကိုမထင်ကြပေ။ သို့ရာတွင် လွန်ခဲ့သော အနှစ်တစ်ရာက ကမ္ဘာနှင့်ယခုကမ္ဘာကို စံထိုးကြည့်လျှင်၊ ယခုခေတ်သည် မွန်မြတ်သော စည်းစိမ်ချမ်းသာကို ရယူနေသော ခေတ်ဟု မြင်ပေလိမ့်မည်။

ထိုသို့မြင်နေမှုသည် ထိုစည်းစိမ်ချမ်းသာတို့၏ ဖုံးကွယ်မှုကြောင့် ပင်ပန်းဆင်းရဲနွမ်းပါးကာ စိတ်မချမ်းသာပဲ ရှိနေသူပေါင်းများစွာကို မြင်သိကောင်းမှ မြင်သိကြပေလိမ့်မည်။ စိတ်အကြောင်းကို ကောင်းစွာ နားလည်သောပညာရှိအချို့ကား ယခုကမ္ဘာခေတ်ကြီးကို ချီးမွမ်းကောင်းမှ ချီးမွမ်းပေလိမ့်မည်။

'ဓာတ်မီးရောင်အောက်၌ ငိုကျွေးနေသူသည် မှောင်မိုက်ထဲ၌ ချမ်းသာစွာ အိပ်ရသူလောက် စည်းစိမ်ရှိကောင်းမှရှိပေမည်'

'ထူထဲနူးညံ့သော စက်မွေ့ရာပေါ်ရှိသူများသည် ချွေးတဖြိုက်ဖြိုက်နှင့် ယာထွန်နေသော ယာသမားလောက် စိတ်၏ချမ်းသာမှုကို ရမည်မထင်...'

အလိုရမ္မက်၊ တုန်လှုပ်မှု၊ ထောင်လွှားမှုတို့သည် အစစ်အားဖြင့် လောကကို တည်ဆောက်နေသော ဗိသုကာကြီးသုံးဦးပင်ဟု စဉ်းစားသော် ပေါ်လွင်ဖို့ ရှိသည်။ အမြတ်ကြီးစားသူဟူသရွေ့သည် လောကကို နှိပ်စက်နေသူဖြစ်သည်။

❐

mgyoe.com

mgyoe.com

# အခန်း [၁]

မြန်မာနိုင်ငံ၏ သီရိပစ္စယာခေတ်၊ တမ္ပဝတီခေတ်တို့၌ မြန်မာတို့ တန်ခိုးကြီး၍ မြန်မာတို့ အလွန်ကောင်းစားနေသည်ဟု ဆိုသော် အရသာမဲ့သော ဒဏ္ဍာရီဆရာလောဟု ဆိုကောင်းဆိုပေမည်။ မြန်မာဟူသည်လည်း မြန်မာနိုင်ငံတော်တွင် ခိုဝင်နေသော တိုင်းရင်းသား အားလုံးပင် ဖြစ်သည်ကို ပုဂါရာမပြည် တည်ထောင်ခြင်းက သက်သေခံနေပေသည်။

ယခုခေတ်၌ ပုဂံပြည်ဟု ထင်ရှားနေသည်။ ထိုသို့ပုဂံပြည်ဟု ထင်ရှားသည်ကိုကား စောကျော့ကောင်းမှ စောကျော့ပေလိမ့်မည်။ အဘယ်ကြောင့် ပုဂံပြည်ဟုခေါ်တွင်ဘိသနည်း။ ပန်းကန်လုပ်ခြင်း၊ ပန်းကန်ထွက်ခြင်းကြောင့် ပုဂံပြည်ဟု ခေါ်တွင်လာသလော။ တကောင်းပြည်၏ အောက်တွင်လည်း ပုဂံပြည်ဟု ထင်ရှားဘိသည်။ ၎င်းကို အချို့က အညာပုဂံပြည်ဟု ဆိုကြသည်။

သက္ကရာဇ် နှစ်ရာ့ရှစ်ခုသော် ပျူ၌ပြားမင်းသည် နောင်တော်ခဲ လူးမင်း နတ်ရွာစံတော်မူသောအခါ နောင်တော်၏ ရိုက်ရာတော်ကို ဆက်ခံပြီးလျှင် တမ္ပဝတီပြည်၌ အုပ်စိုး၍ သုံးနှစ်မြောက်လျှင် ပုဂံပြည်ကြီးကို တည်ထောင်

mgyoe.com

mgyoe.com

တော်မူလေသည်။

ထိုအခါ ပုဂံပြည်ကြီးသည် အလွန်စည်ကား၍ မြန်မာတို့၏ စာပေ ပိဋကတ်တိုက်ကြီးသဖွယ် ဖြစ်၏။ လူတိုင်းလောက်ပင် စာပေတတ်မြောက် ကြ၍ လိုက်စားကြဟန် ရှိ၏။ ထိုသို့ သဘောကြောင့် ပုဂံပြည်သည် ပုဂံပြည်ဟူသော အမည်နှင့် အလွန်ထင်ရှားသည့်ပြင် မြန်မာလူမျိုးတို့သည် ပျူပြားမင်းလက်ထက်တော်တွင် အလွန်ထင်ရှား၍ တန်ခိုးကြီးသော လူမျိုး ဖြစ်ခဲ့ပုံ ရှိ၏။

အဘယ်ကြောင့်ဆိုသော် ထိုခေတ်ကစ၍ ထားဝယ်သား၊ မြိတ်သား တို့က မြစ်စဉ်တစ်လျှောက်က လူများကို ပုဂံသားတို့ဟု ခေါ်ကြ၍ မြိတ်၊ ထားဝယ်၊ ပုဂံ၊ ယော၊ ရခိုင်၊ ကရင်၊ ချင်း၊ ရှမ်းဟု ခေါ်ဝေါ်နေကြလေသည်။ ထိုသူအားလုံးသည်ပင် မြန်မာများ ဖြစ်ကြလေသည်။

ထိုခေတ်မတိုင်မီ တမ္ပဝတီခေတ်၌ အရည်းတို့သည် ဘုရင့်အစိုးရအဖွဲ့ ကို မတုပနိုင်ကြသဖြင့် မူပြောင်းပြီးသော် လူတို့အား စာပေကျမ်းဂန်များနှင့် ဗေဒင်ပညာ၊ ဆေးပညာတို့ကို သင်ပေးလာကြခြင်းဖြင့် လူတို့ ကြည်ညို လာကြ၍ အရည်းတို့၏ နောက်သို့ လူထုသည် တဖြည်းဖြည်း ပါလာကြ ပုံရှိ၏။

ပန်းဦးလွှတ် ပူဇော်ခြင်း၊ ကျောင်းလွှတ် ပူဇော်ခြင်းကိုကား အရည်း တို့သည် လုံးလုံးမစွန့်လွှတ်သော်လည်း လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ကာ ကျင့် ကြံနေပုံရှိပေသည်။

တစ်နေ့သော် သူဌေးမကလေးမိရွှေသည် အိမ်တွင် ပေကြည့်နေရာ အရည်းတစ်ပါးသည် အခွင့်တောင်းပြီးလျှင် ရောက်လာ၏။ ထိုအရည်းကို မိရွှေသည် လျော်သောနေရာထိုင်ခင်းကို ပေးသော်လည်း ရဟန်းအမှတ်နှင့် ဝတ်ချခြင်း ရိုသေခြင်းကား ရှိဟန်မတူပေ။

ထိုအရည်းဆရာ သောမသည် ဤသို့စကားစလေ၏။

'ဒကာမကလေး မြို့ဝန်မင်းထံက အမိန့်ကို သိတယ် မဟုတ်လား...'

'ဘာအမိန့်လဲ...'

'အိမ်ရှေ့ဥပစာ အိမ်ဝိုင်းအတွင်း၌ သန့်ရှင်းစင်ကြယ်စွာ ထားရမယ်ဆို တာကို...'

mgyoe.com

mgyoe.com

'သိပါတယ်...'

'ဘာကြောင့် မရှင်းလင်းသလဲ။ အိမ်ရှေ့မှာလည်း ဝက်ချေး ဘနဲပင်၊ ပေါင်းပင်တွေနှင့် အိမ်ဝိုင်းထဲမှာလည်း ပေါင်းပင်တွေနှင့်...'

'လက်လုပ်လက်စားလူကို မှာထားပါတယ်'

'အလို...အိမ်မှာ အလုပ်သမားတွေ အရှိသားကပဲ...'

'ဟုတ်တယ်၊ သူတို့ဟာ သူတို့အလုပ်နှင့် သူတို့ပါ'

'ခိုင်းပါလား...'

'ခိုင်းရင် မတရားရာ၊ နိုင့်ထက်စီးနင်းပြုရာ ရောက်မှာပေါ့။ သူတို့ကို မြက်ရှင်းပေါင်းရှင်းဖို့ ထားတာမဟုတ်သူတို့နှင့် ဆိုင်တဲ့အလုပ်ကို လုပ်ဖို့ထားတာ။ လူတစ်ယောက်ကို စည်းကမ်းမရှိ၊ ငွေအားနှင့် အာဏာနှင့် နိုင်တိုင်းခိုင်းတဲ့လူထက် မိုက်မဲ ရိုင်းစိုင်းတဲ့လူမရှိပါ...'

'ဒကာမကလေးကိုယ်တိုင် ရှင်းပါလား...။ ခြေညောင်းလက်ဆန့်။

'ဟုတ်တယ်၊ ညောင်းရင် ကြိုးခုန်မယ်၊ ဖန်ခုန်မယ်၊ ကျတ်ပစ်မယ်...ထုတ်ဆီးမယ်...သည်အလုပ်ကို မိရွှေလုပ်နိုင်တယ်၊ လုပ်တတ်တယ်။ ဒါပေမဲ့ မလုပ်ဘူး။ မိရွှေလုပ်ရင် လက်လုပ်လက်စားဟာ ဘာလုပ်မလဲ။ မိရွှေဟာ လက်လုပ်လက်စားရဲ့ အလုပ်ကို လုယက်ရာ မရောက်ဘူးလား။ လူဆိုး ဓားပြမ၊ သူခိုးမ မဖြစ်ပေဘူးလား။ မိရွှေလုပ်လို့ ရှင်းသွားရင် လက်လုပ်လက်စားဟာ အလုပ်မရတော့ဘူး။ အလုပ်မရရင် အသပြာမရတော့ဘူး။ အသပြာမရရင် သူ့ဝမ်းစာအတွက် မခက်ဘူးလား...'

ဒကာမလေးဟာ အတော် ကတ်သီးကတ်သတ် ပြောတယ်။

'ဒါဟာ သဘောတရားကိုပြောတာ ကတ်သီးကတ်သတ်ပြောတာ မဟုတ်ဘူး...'

'ဟောဟိုမှာ ဒကာမလေးရဲ့ အလုပ်သမားများ ထိုင်ပြီး ဟားတိုက်နေကြ တယ်။ တချို့က ဆေးလိပ်သောက်ပြီး စကားများနေတယ်။ တချို့မိန်းမတွေက သန်းရှာနေတယ်'

'ဒါ ဘာဖြစ်သလဲ...'

'သူတို့ အားနေတာပဲ၊ ခိုင်းမှပေါ့...'

'အရည်းဆရာဟာ ပြောတာကို နားမလည်ဘူး။ ပေါင်းရှင်း အမှိုက်

mgyoe.com

ရှင်းတာဟာ သူတို့ရဲ့ အလုပ်မဟုတ်ဘူး။ ကိုယ့်အလုပ်ကိုယ်သာ ကိုယ်လုပ်သင့်တယ်။ ကိုယ်လုပ်ရမယ်၊ သူတစ်ပါး ထမင်းစားနေတဲ့အလုပ်ကို မလုရဘူး။ သူတို့အလုပ်အားရင် နေချင်သလို နေမှာပေါ့...'

'ဆရာတော်တို့ကျောင်းဝိုင်းထဲမှား တစ်ခါလောက် လာကြည့်စမ်းပါ။ အမှိုက်တစ်ပင် မရှိရဘူး။ ပေါင်းတစ်ပင် မြက်တစ်ပင် မရှိရဘူး...'

'မရောက်ဖူးပေ့ သိပါတယ်...'

'ဘာသိသလဲ...'

'ဘုံပါတကာ မပေါင်းစုံသားတွေကို စာသင်ပေးမယ်ဆိုပြီး ကျောင်းသို့ခေါ် သင်ပါရဲ့ လူမြင်ကောင်းအောင်၊ လူကြားကောင်းအောင် စာသင်ပေးတယ်ဆိုတဲ့ ဟိတ်နှင့် ဆွမ်းခံခိုင်း၊ ရေခပ်ခိုင်း၊ အရည်းတွေစားပြီးတဲ့ ခွက်ယောက်တို့ကို အဆေးခိုင်း၊ တံမြက်အလှည်းခိုင်း၊ ပေါင်းထိုးခိုင်း၊ အရည်းများရဲ့ ကျောင်းဝိုင်းဟာ ပြောင်တလင်းခါနေမှာပေါ့...'

'ဒကာမကလေးနှင့် စကားဦးမတည့်ပါဘူး။ ကိုင်း... ဆရာတော်လာရင်းကိစ္စကတော့ တပည့်တွေက များတာနှင့် သင်ပုန်းလုပ်ပေးစရာ...'

'အရည်းဆရာ စကားရှည်တယ်။ အသပြာလိုလို့ လာပြီး အလှူခံတယ်ဆိုပါ...'

'ဟုတ်ပါတယ်...'

'တိုတိုပြောရင် ပြီးတာပဲ၊ လောကွတ်စကားပျိုးတာနှင့် အချိန်ကုန်သွားတယ် မစောရေ...'

'ရှင်...'

'လာစမ်းပါဦး...'

'အရည်းဆရာအား အသပြာအစိတ် လှူလိုက်ပါ'

'ဒကာမလေး...'

'အရည်းဆရာ၊ ဘာကို အမိန့်ရှိဦးမလို့လဲ'

အရပ်ထဲက လူဆရာအားတော့ အသပြာတစ်ရာမနေ့က ထောက်ပံ့တယ်မဟုတ်လား...'

'အော်...ခက်တယ်၊ အင်မတန်ဒုံးဝေးတာကိုး'

'ဘာလဲ ဒကာမကလေး...'

mgyoe.com

mgyoe.com

'လူဆရာမှာတော့ စားဖို့ဝတ်ဖို့နှင့် လူမှုရေးရာလိုတယ်။ ဒါကြောင့် ထောက်ပံ့ရတယ်။ ခဏခဏထောက်ရမယ်။ ဒါဟာ ငွေရှိတဲ့ငွေရှင်များရဲ့ အလုပ်၊ သည်လိုမှ မလုပ်ရင် အသိတရားမဲ့ပြီး ကိုယ့်အတွက် စဉ်းလဲနေတဲ့ အမြတ်ကြီးစားဖြစ်နိုင်တယ်။ ဘာကြောင့် ငွေရှိရသလဲ။ သည်လိုလုပ်ဖို့...'

'တို့ အရည်းများမှာလဲ...'

'အော် ခက်တယ် အရည်းဆိုတာဘာလဲ။ အလှူခံပုဂ္ဂိုလ်၊ လူတွေက စားဖို့ဝတ်ဖို့ လှူနေပါပကော၊ ဘာလိုသေးသလဲ၊ မပြောချင်ပါဘူး...'

'ပြောစမ်းပါဦး...'

'အရပ်ထဲမှာ စာတတ်၊ ကျမ်းတတ် ပညာရှိပုဂ္ဂိုလ်များက စာသင်ပေး၊ အတတ်ပညာသင်ပေးတော့၊ အသိတရားရှိတဲ့လူများက ကိုယ့်အင်အားနှင့် အညီ တိုင်းပြည်အတွက် အလုပ်လုပ်ပါကလားလို့ ဝိုင်းပြီးထောက်ပံ့၊ လူတွေ ကလည်း မိမိတို့ရဲ့သား၊ သမီးတွေ၊ စာတတ်၊ အတတ်ပညာတတ်ကြတော့၊ စာသင်ကျောင်းမှာထားကြ၊ ဒါကို အရည်းတွေက လုလာကြတယ်...'

'တန်ပြီ၊ တန်ပြီ ဒကာမကလေးနှင့် စကားပြောလို့ မဖြစ်ပါဘူး'

ထိုသို့ပြောဆိုနေစဉ် လက်လုပ်လက်စားတစ်ယောက်သည် ဝင်ရောက်လာရာ သူဌေးမကလေးရွှေရွှေသည် ထိုသူအား ထိုင်ကိုမိုးဟု မြင့်မြတ်သောနေရာကိုပေး၏။ မောင်မိုးလည်း အရည်းဆရာကို ဝတ်ချ၍ ကြမ်းပေါ်မှာပင် အရည်းဆရာကို အရိုအသေပေးကာ ထိုင်နေ၏။

'ဆို ကိုမိုး...'

'နက်ဖြန်ကစပြီး အလုပ်စဝင်ကာ ရှင်းလင်းလုပ်ပါ့မယ်။ ခု အသပြာကလေး မစနင့်ပါ...'

'ဘယ်လောက်လိုသလဲ'

'အရည်းဆရာများ ကျောင်းပွဲလုပ်မလို့တဲ့၊ အိမ်က သားကလည်း အသပြာတောင်းနေ၊ ကျောင်းပွဲမှာထည့်ရမတဲ့ အဝတ်အစားကလေးလည်း သူများနည်းတူ ဝယ်ပေးချင်လို့ပါ'

'မစောရေ...'

မစောနှစ်ရောက်လာ၍ အသပြာငါးကျပ် ယူခဲ့ပါကွယ်၊ တော်ပြီလား ကိုမိုးဟု ရွှေရွှေသည် ဆို၏။

mgyoe.com

'တော်ပါပြီ...'

စောနှစ်သည် အသပြာ ငါးကျပ်ယူခဲ့၍ မောင်မိုးအား ပေးလိုက်သဖြင့် မောင်မိုးလည်း သူဌေးမကလေး ရွှေရွှေကို နှုတ်ဆက်ပြီးလျှင် အရည်းဆရာကို ဝတ်ချ၍ ပြန်သွားလေ၏။ အရည်းဆရာလည်း ဒကာ့သားကို ကျောင်းမှန်ပါစေ၊ အတော်ဉာဏ်ကောင်းတယ်ဟု ပြောဆိုကာ လောကွတ်ပြုလိုက်သေး၏။

သူဌေးမကလေးရွှေရွှေသည် သဘောထားတစ်မျိုးရှိသော အမျိုးသမီးတစ်ယောက်ဖြစ်ပုံရသည်။ ပုဂံပြည်ကို တည်ထောင်သော ပျူဦးပြားမင်းလက်ထက်တော်၌ များစွာသော ပြည်သူပြည်သားတို့သည် အရည်းများထံ တိမ်းညွတ်လာသော်လည်း ရွှေရွှေသည် အရည်းများကား လူလိမ်လူညာ ခေါင်းပုံဖြတ် သက်သက်လူလိုးအတန်းအစား သက်သက်ဟု အယူရှိပုံပေါ်လေသည်။

အရည်းသောမသည် ရွှေရွှေထံလာရောက်၍... ကျောင်းသားကလေး၏ သင်ပုန်း၊ ပုရပိုက်၊ ကံ့ကူဆံတို့အတွက် အလှူခံရာ၌ အသပြာအစိတ်လှူလိုက်မိခြင်းကိုပင် များသွားသည်ဟု ထင်မှတ်လာလေပြီ။ ထိုအရည်းအလှူခံခြင်းသည် ကျောင်းသားများအတွက် အနည်းငယ်သာပါ တန်ရာသည်။ ချင်းတို့ကျောင်းပွဲအတွက် အလှူခံခြင်းဖြစ်သည်ဟု ယူဆမိကာ အရည်းသောမကိုကြည့်ကာ ပြုံးနေလေသည်။

အရည်းသောမသည် ရွှေရွှေ၏ ပြုံးခြင်းအဓိပ္ပာယ်ကို ရိပ်မိဟန်မတူပေ။ ထိုအရည်းသောမ ရှေ့တွင်ပင် သူကြွယ် ဦးလိမ်းထံမှ အိမ်စိုးမောင်တစ်ယောက်သည် လာ၍ ရွှေရွှေထံ၌ ဦးလိမ်းက အသပြာ တစ်သောင်းလှည့်ပါဟုလာဆိုသည်။

ထိုအခါ ရွှေရွှေသည် စောနှစ်ကိုခေါ်၍ အရည်းသောမရှေ့တွင် ပုရပိုက်တွင်မှ မှတ်သားကာ မတင်ဘဲ အသပြာတစ်သောင်းကို တစ်ပဲလေးရွေးကဲ့သို့ ပြုကာ ပေးလိုက်စေလေသည်။ ထိုအိမ်စိုးမောင်သည် အသပြာထုပ်ကို အထမ်းနှစ်ယောက်နှင့် ယူဆောင်သွားလေသည်။

အရည်း သောမသည် ထိုသို့သော ရွှေရွှေထံမှ အသပြာအစိတ်သာ အလှူခံ၍ ရသဖြင့် မကျေနပ်ဘဲ ပြန်သွားလေသည်။

mgyoe.com

mgyoe.com

သူဌေးမကလေး ရွှေရွှေသည်ကား အရည်းများကို အတော်ပင် စက်ဆုပ်ဟန် ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော သဘောများ ကြောင့်ပေတည်း။

ရွှေရွှေသည် ဤသို့အယူရှိ၏။

တမ္ပဝတီခေတ်ကစ၍ ပုဂံခေတ် ကူးပြောင်းလာသည်တိုင် ရွှေပြည် တော်မြို့များ၊ ရွာများတို့၌ အရပ်ထဲတွင် စာတတ်၊ ကျမ်းတတ်၊ ပညာ တတ် လူပုဂ္ဂိုလ်များသည် ဆရာဘွဲ့ကိုယူ၍ ပြည်သူတို့၏ သားသမီးများအား စာပေအတတ်ပညာတို့ သင်ပေးသဖြင့် ထိုခေတ်က မြန်မာတို့သည် စာတတ် များကြပြီးသော် လောကတွင် အသိဉာဏ်ကျယ်လျက် တံခွန်စိုက် ထင်ရှား လာခဲ့ပေသည်။

ထိုလူပုဂ္ဂိုလ်ဆရာများထံ ကုံထံကြွယ်ဝသူများက ထောက်ပံ့ ပူဇော်ကြ သည်။ ဘုရင်နှင့် ဘုရင်အစိုးရဝန်ကြီးအမတ်စသည်တို့ကလည်း ထောက်ပံ့ ပူဇော်ကြသည့်ပြင် အဦးထားကြသည်။ စားဦးစားဖျား သိကြသည်။ နေ့ကြီးရက်ကြီးများမှာ ပူဇော်ကြသည်။ သားသမီးများကို ထိုပုဂ္ဂိုလ်တို့ထံ အတတ်ပညာများကို သင်ကြားခံယူရန် ပို့အပ်ကြသည်။ ထို့ကြောင့် အရည်းများ၏ကျောင်းတွင် ကျောင်းသားမရှိခဲ့ပေ။

ထိုအခါ အရည်းတို့သည် မိမိတို့လည်း စာပေအတတ်ပညာတို့ကို သင်ပေးမည်ဟု ပြည်သူတို့၏ သားများအား သင်ပေးလာကြလေသည်။ တစ်စတစ်စနှင့် အရည်းများ၏ကျောင်းတွင် ကျောင်းသားကလေးများ၊ များလာသည်။ ထိုကျောင်းသားကလေးများနှင့် ဆက်သွယ်၍ ဒကာများ များပြီးသော် အရည်းများထံ လှူဒါန်းသူ ပေါလာ၍ လာဘ်ရွှင်လာလေသည်။

အရည်းများသည် မိမိတို့၏ကျောင်းများနှင့်ကျောင်းသားများ၊ များလာသောအခါ ကျောင်းသားကို ဆွမ်းခံခိုင်းသည်။ ခွက်ဆေး၊ အိုးဆေး၊ ယောက်ဆေး၊ ပန်းကန်ဆေးခိုင်းသည်။ ရေခပ်ခိုင်းသည်၊ ကျောင်းဝိုင်းထဲ၌ အမှိုက်လှည်း၊ ပေါင်းထိုး၊ မြက်ခုတ်၊ ချုံခုတ် စသည်တို့ကို ခိုင်းကြလေသည်။

စင်စစ် အရည်းတို့သည် တိုင်းပြည်လူမျိုးအတွက် လူငယ်များကို စာပေအတတ်ပညာများကို ဉာဏ်ကြီးလာအောင် ဉာဏ်ရင့်သန်လာအောင် အကြောင်းအကျိုးကို ရှာဖွေစူးစမ်းတတ်ရန် သင်မပေး။ ထိုစာသင်

mgyoe.com

mgyoe.com


သားများနှင့် ဆက်သွယ်၍ မိမိတို့လာဘ်များစွာရအောင် ငြိမ်းငြိမ်းနေ၍ အစားကောင်းအသောက်ကောင်း စားသောက်ရရန် အဆောက်အဦကောင်းနှင့် နေရရန် တန်ခိုးကြီး၍ ထင်ရှားကျော်စောရန်တို့မျှလောက်သာ စာသင်ပေးသည်။ စာသင်သားများကို ခိုင်းစေရရန် စာသင်ပေးသည်။ ဤစိတ်ဓာတ်များမှ ကျွန်စိတ်ကို ပပျောက်သွားရန် ခဲယဉ်းပေသည်။

ထိုကဲ့သို့လျှင် သူဌေးမကလေး ရွှေရွှေသည် ယူဆ၍ အရည်းများကို ကြည်ညိုခြင်းကင်းသကဲ့သို့ ရှိပေသည်။

အရည်းသောမသည် ၎င်းတို့ သီတင်းသုံးသော နဂါးရုံကျောင်းတိုက်သို့ ပြန်၍ ဆရာတော်ကြီး အရည်းချမ်းမြေ့ထံဝင်ပြီး လျှင် ရွှေရွှေထံမှ အလှူခံရသော အသပြာအစိတ်ကို အပ်လေသည်။ မိမိတွေ့ခဲ့ရသော သဘောတို့ကိုလည်း ဆရာတော်ကြီး အရည်းချမ်းမြေ့ထံ လျှောက်ထားလေသည်။

အရည်းချမ်းမြေ့သည် နဂါးရုံကျောင်းတော်ကြီးပွဲကို အကြီးအကျယ်ခင်းကျင်းမည်ဖြစ်၍ ရွှေရွှေကဲ့သို့သော သူဌေးမကလေးထံမှ အသပြာအစိတ်သာ လှူသည်ကို မကျေနပ်ပေ။ သို့လင့်ကစား ရွှေရွှေထံ၌ ကျောင်းပွဲပြုလုပ်ရန်ဟု အလှူခံသော် ရွှေရွှေသည် အသပြာတစ်ပဲမျှ လှူမည်မဟုတ်ကြောင်းကို သိသဖြင့် အကြောင်းမှန်နှင့် အလှူမခံဝံ့ပေ။

အရည်းချမ်းမြေ့သည် အရည်းသောမ၏ လျှောက်ထားချက်အရလမ်းစတစ်ခုကို ရသည်ဖြစ်လာ၍ ၎င်း၏ ကိုယ်တိုင် ရွှေရွှေထံသွားမည်။ မျက်နှာရပြီးသော် ဆွဲဆောင်မည်ဟု အကြံနှင့် အရည်းချမ်းမြေ့သည် ရွှေရွှေထံသို့သွားရောက်လေတော့ပြီ။

အရည်းချမ်းမြေ့သည် ရွှေရွှေ့အိမ်၌ ကိုင်းလုပ်သော သူများအား အမကြေးငွေ ထုတ်ပေးနေခြင်းကို တွေ့ရ၍ အရည်းသည် မနှစ်သက်ဘဲ ထိုသဘောကို အတော်ပင် ငြူစူသွားဘိသကဲ့သို့ ရှိလေသည်။

ရွှေရွှေသည် သည်အရည်းကား ဘာကြောင့်လာပြန်ပါဘိသလဲဟု တွေးဆသော်လည်း အသင့်အတင့်နေရာထိုင်ခင်းတို့ကို ပေးထားသည်။ အရည်းချမ်းမြေ့ကား မျက်နှာရသတတ်ဟု ဤသို့ စကားစတင်လေပြီ။

'နင်သူကြွယ် ငလိမ်အား အသပြာတစ်သောင်းပေးလိုက်တယ်ဆို...'

mgyoe.com

mgyoe.com

'ဟုတ်ပါတယ်...'

'နင် တယ်မိုက်ပါကလား။ ဘာကြောင့် ပေးရသလဲ။ စုံစမ်းရသေးတယ်...'

'ဘလိမ်အား ပုဂံပြည်ကစောင်များ၊ ဖျင်များ၊ ပိတ်များ၊ ချည်များတို့ကို ရနိုင်သမျှသိမ်းဖို့၊ သည်ကုန်ပစ္စည်းများနှင့် သထုံပြည်သွားပြီး အနောက်နိုင်ငံကလာတဲ့ ကုန်သည်များနှင့်ပြိုင်ကာ ရောင်းချဖို့ ပေးလိုက်တာပါ'

'နင် အင်မတန်မိုက်တယ်၊ ငလိမ်ဟာ လူတိုင်းကို လိမ်ပြီး သူကြွယ်ဖြစ်နေတာ။ ခုလည်း နင့်ကိုလိမ်မှာ...'

'ဘလိမ်က လိမ်ခြင်း၊ မလိမ်ခြင်းဟာ မိရွှေနှင့်မည်သို့မျှမဆိုင်။ စိတ်ဥပဒ်စရာလည်းမလို၊ ဘလိမ်ဟာ ပဲခူး၊ သထုံတို့မှာ အနောက်နိုင်ငံကလာတဲ့ ကုန်သည်များနှင့် ပြိုင်ပြီးပေါပေါရောင်းနိုင်တာဟာသာ မိရွှေနှင့်ဆိုင်ပါတယ်...'

'နင်ဟာ အမြင်မှားတယ်။ ငလိမ်ဟာ နင့်အဖေရဲ့ ရန်သူကြီး...'

'ဒါကို မိရွှေမသိပါ...'

'နားစိုက်၊ ငါပြောပြမယ်...'

'နားမထောင်ချင်ပါ...'

'နားမထောင်ချင်ပေမယ့် ငါဟာ ပြောရမယ့် ဝတ္တရားရှိလို့ ပြောရမယ်...'

'အလို...'

'နင့်အဖေဟာ မြစ်ရိုးတစ်လျှောက်မှာ ဖျားရေကိုအမှီပြုပြီး သွားလာနေတဲ့ လှေကြီးများစွာကို ပိုင်တယ်။ ငါဟာ လှေတစ်စင်းမှာ ပဲ့နင်း...'

'ဒါဖြင့် ဘာကြောင့် ခုအရည်းဆရာတော် ဖြစ်နေရသလဲ...'

'ငါ ဒါကိုမပြော၊ ငလိမ်လိမ်တာကို ပြောနေတာ၊ နားထောင်။ အဲသည်အခါတုန်းက ငလိမ်ဟာ နင့်အဖေ့ထံက ကုန်ဖိုးများကို လိမ်တဲ့အပြင် ဘုရင်သဘော်တော်မှ ကုန်များကို ကဲ့ဝှက်ကာ ရခိုင်ပြည်သို့ နင့်အဖေက ပို့တယ်လို့ ဘုရင်မင်းမြတ် ခဲလူးမင်းထံ တင်တာနှင့်အတော်ပဲ ဖြေရှင်းရတယ်။ ဒါကြောင့် ငလိမ်ဟာ နင့်အဖေ့ရန်သူ...'

'မိရွှေရဲ့ အဖေမှာ ရန်သူမရှိ၊ အရည်းဆရာပြောတဲ့အတိုင်း ဘလိမ်က

mgyoe.com

mgyoe.com
အဖေ့ကို ရန်ပြုပေမင့် အဖေကမှ ပြန်၍ ရန်မပြုဘဲ အဖေ့မှာ ရန်သူမရှိပါ။ ရန်ဖြစ်တယ်ဆိုတာ တစ်ယောက်တည်းဖြစ်လို့ မဖြစ်ပါ။ အဖေဟာ ရန်မဖြစ်တတ်လို့၊ အဖေ့မှာ ရန်သူမရှိပါ'

'နင်ဟာ သိပ်ကို ရမ်းတာပဲ...'

'ဘာရမ်းသလဲ...'

'ခုလည်း ကိုင်းသမားတွေအား ငွေထုတ်ပေးနေတယ်၊ ချင်းတို့ဟာ သည်ငွေကို တစ်ပြားမှ ပြန်ဆပ်မှာ မဟုတ်ဘူး...'

'ပြန်မဆပ်တာဟာ မိရွှေရဲ့တာဝန် မဟုတ်။ သူတို့မဆပ်ရင် သူတို့ရဲ့တာဝန်၊ မိရွှေက သူတို့အား မထောက်ပံ့ရင်သာ မိရွှေရဲ့တာဝန်။ လောကမှာ ကိုယ့်တာဝန်ကို ကိုယ်ခံယူရစမြဲ။ လူမှာ ဘယ်အခါမဆို ကိုယ်စိဝန်ထမ်းပဲ"

'သည်လိုနှင့်ပဲ နင်ဟာ သိခေါက်လျက်နှင့်အဝင်နက်ဆိုတာလို တို့ကျောင်းမှာ ကလေးနှစ်ရာခန့်ရှိတယ်။ ဒါကို စာပေသင်ကြားရန်အတွက် ငွေအစိတ်လှူတာဟာ အင်မတန်နည်းတယ်။

'များတောင်များသေး...'

'ဟင်...'

'ဆရာတော်များက စာသင်ပေးတာဟာ ဆရာတော်များရဲ့ အလုပ်မဟုတ်၊ ဆရာတော်များက စာသင်ဆရာများရဲ့ အလုပ်ကိုလုတာ၊ ဆရာတော်တို့ အလုပ်သမား၊ လုယက်သူများပါ...'

'ဟာ...နင်ဘယ်လို ဆိုလိုက်တာလဲ...'

'ဆရာတော်များရဲ့ အလုပ်ဟာ၊ ကိုယ့်ဆွမ်းကို ကိုယ်ခံစား၊ ကိုယ့်ခွက်ကို ကိုယ်ဆေးကြော၊ ကမ္မဋ္ဌာန်းထိုင်၊ ကသိုဏ်းရှု၊ ကျောင်းရဲ့တာဝန်ကို ပြုစု၊ ခုတော့ ဒါတွေကို ဘာတစ်ခုမှမလုပ်၊ ကလေးတွေကိုခိုင်း၊ ဆွမ်းခံတော့ကလေးတွေ၊ ရေခပ်တော့ ကလေးတွေ၊ နောက်ဆုံး အမှိုက်လှည်းတာတောင် ကလေးတွေ...'

'နင်သိပ်ကို အမြင်သေးတာကိုး...'

'မှားပါသလား'

'ဟ..ဒါဟာဒို့က ကလေးတွေကို ခိုင်းချင်လို့ အနိုင်ကျင့်စားနေတယ်လို့ နင်ထင်ရင်မှားမှာ၊ ကလေးတွေဟာ အလေ့အကျင့်ရလာတော့

mgyoe.com

mgyoe.com
ကြိုးကျပြီး ကိုယ့်အလုပ်တာဝန်ကို ကိုယ်လုပ်တတ်အောင် ကိုယ့်ကိုယ်ကိုယ် အားကိုးအောင် ပေါ်ကြော့မနေတတ်ဘဲ လုပ်ကိုင်စရာရှိတာကို လုပ်တတ်အောင် သွန်သင်ပြသ လေ့ကျင့်စေတာ...'

'အဲဒါဟာ အရည်းများရဲ့ သူတစ်ပါးကို ကြံကြံဖန်ဖန်ပြုကာ ကိုယ်သာကောင်း၊ ညဉ်းပန်းတဲ့ဝါဒ၊ အရည်းများကိုယ်တိုင် အရည်းများအတွက် အိမ်သာမတူးဘဲနှင့် ကလေးများကို အိမ်သာတူးခိုင်း၊ ကျောင်းမှာ မိုးယိုတာကို တက်ပြီး အဖာခိုင်းတာဟာ လူပေါ်လူစီးတဲ့ဝါဒလို့ မိရွှေယူဆပါတယ်...'

'နင်...အတော့်ကို ခေါင်းမာတာပဲ....'

'အရည်းဆရာ လူတစ်ယောက်ဟာ မြင်ကရတွေ့ကရ အလုပ်ကို လုပ်မှာလား၊ တံငါတစ်ယောက်ဟာ ငါးရှာမသွားဘဲ အိမ်မှာ မြက်ထိုးပြီး တစ်နေကုန်နေရင် ထိုနေ့အတွက် အသပြာကို ဘယ်ကရမှာလဲ။ အလုပ်အကိုင်၌ ကြိုးကျတယ်ဆိုတာ တံငါဟာ တံငါ့အလုပ်အား ကျကျနနစနစ်စည်းကမ်းနှင့် လုပ်တတ်တာကို ခေါ်တယ်။ အဲသည်တော့ အရည်းများက တံငါသည်လို လုပ်ရမယ်ဆိုတာကို သင်ပေးသလား...'

'နင်အတော့်ကို ဆင်ခြေဆင်လက် တတ်တယ်...'

မဟုတ်ပါဘူး အရည်းဆရာဟာစဉ်းစား၊ တစ်ကျပ်တန် ဝင်ရမယ့်နေရာမှာ တစ်မတ်တန်နှင့် အချိန်ကုန်ရင် သည်လူကို လူဖျင်းလူအ၊ ခေါ်တယ်။ အရည်းဆရာများ ကျောင်းကထွက်တဲ့လူထဲမှာ လယ်သမားဖြစ်တဲ့ လူလည်းရှိမယ်၊ လက်သမားဖြစ်တဲ့လူလည်း ရှိမယ်၊ အမတ်၊ စစ်မှူးဖြစ်တဲ့လူလည်း ရှိမယ်...'

'ဟုတ်တယ်...'

အဲသည်လိုဖြစ်မယ့် ကလေးတွေကို တစ်ကြိုးတည်းဖြစ်ပြီး စိတ်သဘော သေသပ်အောင် ဆွမ်းခံခိုင်း၊ ရေခပ်ခိုင်း၊ ခွက်ဆေးခိုင်း၊ ပေါင်းထိုးခိုင်း၊ ခြံစည်းရိုးအလုပ်ခိုင်း၊ ကုဋီအိမ် အတူးခိုင်း၊ သူတို့ဖို့ အိမ်သာကျင်းအတူခိုင်း၊ ခိုင်းတာတွေဟာ ဘယ်လိုလို့ အရည်းဆရာ စဉ်းစား၊ ကိုယ့်အတွက်ကို ကိုယ်လုပ်ရမယ်ဆိုတာ မှန်တယ်။ ကောင်းတယ်ထား၊ စစ်မှူးကလေးတစ်ယောက်ဟာ ခုချက်ချင်း စစ်ထွက်ရတော့မယ်။ အိမ်မှာလည်း
mgyoe.com

mgyoe.com
အိမ်သာကျင်း ပြည့်နေတယ်။ စစ်ထွက်သွားရမလား၊ အိမ်သာကျင်းတူး ရမလား၊ တစ်ကြိုး တည်း စနစ်လေ...'

'နင့်ကို ဒါလောက်စွာလိမ့်မယ်လို့ ငါမထင်ဘူး'

'ဒါဟာ စွာတာမဟုတ်ပါ။ လူဆိုတာ ကိုယ်၏အလုပ်ကို တိုင်းပြည် အတွက် တည်တည်တံ့တံ့နှင့် သစ္စာရှိရှိ သေသေဝပ်ဝပ်လုပ်ဖို့ လိုပါတယ်။ သည်လိုအကျင့်မျိုးပါလာအောင် အရည်းများ ကျောင်းသားတွေကို ဘယ်လို ပြုပြင်မလဲ။

'ငါက နင့်အကျိုးကိုလိုလို့ ခုလာတယ်'

'မိရွှေကလည်း အရည်းများရဲ့ အကျိုးကိုလိုလို့ ပြောတာပါ။ အရည်း များဟာ ကိုယ့်အလုပ်ကို ကိုယ်ကျကျနန စွဲစွဲမြဲမြဲ တည်တည်တံ့တံ့လုပ်ဖို့ ရန် သင့်ပါတယ်'

'ဒို့အရည်းများ ဘာလုပ်ရလဲ...'

'စာသင်ကြားခံယူနေတဲ့ကလေးများကို မခိုင်းဘဲ၊ ကိုယ့်ဆွမ်းကိုယ်ခံ၊ ကိုယ့်ရေကိုယ်ခပ်၊ ကိုယ့်ခွက်ကိုယ်ဆေး၊ ကမ္ဘဋ္ဌာန်းတစ်ခုခုကိုရှု၊ ကသိုဏ်း တစ်ခုခုကိုရှု လုပ်ပါလား...'

'တန်–တန်–တန်–နင့်ကို ငါဆုံးမလို့ မဖြစ်တော့ဘူး'

'ဘာဖြစ်မှာလဲ ခု အရည်းများရဲ့ ကြိုးစားမင်းစားဟာ ဘာလဲဆိုရင် ကျောင်းပွဲလုပ်မယ်၊ နဂါးရုံပုထိုးပွဲလုပ်မယ်၊ ကျောင်းသားတွေကို အက သင်ပြီး အကခိုင်းမယ်၊ ဒါဟာ တိုင်းပြည်အတွက် အလုပ်လုပ်တာလား။ ဒါဟာ အရည်းများက မှိုင်းတိုက်ထားရာ ရောက်တယ်။ အပျော်အပါးများ တဲ့ တိုင်းပြည်ဟာ တဖြည်းဖြည်း ဆုတ်ယုတ်လာတတ်တယ်...'

အရည်းချမ်းမြေ့သည် ရွှေရွှေကို မည်သို့မျှ စကားဦးမျှပင် လိုဘသို့ ရောက်အောင် မတည်နိုင်သဖြင့် ၎င်း၏ ကျောင်းတော်ကြီးသို့ ပြန်လေ၏။

ပုဂံခေတ်အစဥ်ကား အရည်းများသည် ဘုရင် ဘုရင့်အစိုးရကို တစ်စုံ တစ်ရာမျှ နှောင့်ယှက်ခြင်းမရှိကြဘဲ၊ တိုင်းသူပြည်သားတို့အား စာပေကျမ်း ဂန် အတတ်ပညာ သင်ပေးသူအဖြစ်နှင့်သာ ဆွဲဆောင်နိုင်သဖြင့် အလွန် သာယာစည်ပင်ဝပြောသော တိုင်းပြည်ဖြစ်နေလေ၏။ ပုဂံဟူသော အမည် သည်လည်း အလွန်ထင်ရှားနေလေ၏။ ထိုသို့ ထင်ရှားသည့်အတိုင်း လူတို့
mgyoe.com

mgyoe.com

၏ အခြေအနေမှာလည်း အထက်တန်းရောက်မှန်းမသိ ရောက်လာလေ၏။

သူဌေးမကလေးရွှေရွှေကား သူဌေးမကလေးဂုဏ်အင်္ဂါနှင့် အတော်ညီ၏။ ၎င်း၏အိမ်ရှေ့ဥပစာ၊ အိမ်ဝိုင်းအတွင်း၌ သန့်ရှင်းသော လက်လုပ်လက်စားကိုပင် အသပြာတစ်ဆယ်ပေး၏။ သူဆင်းရဲသည် နေထိုင်ရာ၌ ခြစ်ခြစ်ခြုတ်ခြုတ်နှင့် သုံးစွဲသင့်သည်ဟု အယူရှိသော်လည်း ရွှေရွှေသည် ၎င်းကမူကား လွှေ့လွှေ့ရမ်းရမ်း သုံးစွဲဆက်ဆံမှသာ သူဌေးဟူသော ဂုဏ်အင်္ဂါနှင့်ညီသည်ဟု ထင်မှတ်ယူဆ၏။

ထိုသို့သော ရွှေရွှေ၏ထံသို့ တစ်နေ့သောည လူခြေတိတ်သာသာတွင် ပုဂံပြည်၌ အဓိကရဖြစ်သော သူခိုးကြီးမောင်မွှမ်းသည် ခိုးရန် ရွှေရွှေ၏ အိမ်ပေါ်သို့ တက်ရောက်သွား၏။

ရွှေရွှေ၏အိမ်ကို ခိုးရန်ကား အတော်ပင်လွယ်ကူ၏။ ၎င်း၏အိမ်ဝိုင်းတံခါးမှာ ခွေးလေများ မဝင်နိုင်ရုံလောက်သာ စေ့ထား၏။ အိမ်မကြီး၏တံခါးမကြီးများကိုလည်း စေ့ရုံမျှပင် စေ့ထား၏။ အစောင့်အနေတို့ကိုလည်း ချထားခြင်းမရှိ။ ရွှေရွှေသည် ကြောင့်ကြမဲ့ကဲ့သို့ အေးအေးလူလူ နေလေ့ရှိ၏။

သူခိုးကြီးမောင်မွှမ်းသည် ရွှေရွှေ အိပ်ပျော်ချိန်ရောက်ပြီဟု ထင်သဖြင့် ခိုးရန် လာရောက်ငြားသော်လည်း ရွှေရွှေသည် မအိပ်သေးဘဲ အိပ်ရန် ညဥ့်ဝတ်ကို လဲနေခြင်းနှင့် ပက်ပင်းပါ တွေ့ရလေ၍ အံ့အားသင့်နေ၏။ ရွှေရွှေကလည်း မောင်မွှမ်းကိုမြင်၍ 'နေဦးနော် ရွံ့စရာကောင်းတယ်'ဟု ဆိုကာ အဝတ်များကိုလဲပြီးလျှင် ဧည့်ခန်းသာသို့ ရောက်လာ၏။

'ဆို...ဘာလဲ ကိုမွှမ်း...'

'ကျွန်တော် ခိုးဖို့လာတာ...'

'အလို...လိုချင်ရင် လာယူလို့ပြောထားတာ ခိုးဖို့လာရသေးသလား...'

'သည်လိုလေ...မပြောတော့ပါဘူး။ ကျွန်တော် ပြန်တော့မယ်...'

'ဟာ..ဘယ့်နှယ်...ခိုးဖို့လာတယ်ဆို၊ လိုသလောက် ရွှေငွေတွေကို ယူသွား၊ ကျွန်မမှာ အပိုပဲ။ နေပါဦး'

'မဟုတ်ဘူးလေ...'

'ဘာလဲပြောပါ...'

mgyoe.com

'ခက်တယ်...'

'မခက်ပါနှင့် ဘာလဲ'

'သည်လိုခင်ဗျာ ဂုဏ်သရေရှိ လူပျိုတစ်ယောက်က ရွှေရွှေရဲ့ အဝတ်တွင်းမှာ ထူးခြားတဲ့ ဘယ်လို ဘယ်လို အမှတ်အသားများရှိတယ်ဆိုတာကို ခင်ဗျား သွားပြီး တိတ်တိတ်ကြည့်ပြီး ပြန်ပြောပါ။ ကျွန်တော်တို့ရဲ့ အကြံအောင်မယ်ဆိုတာနှင့် တိတ်တိတ် မမရွှေ အိပ်ပျော်တော့မှ ခိုးပြီးကြည့်ကာ မှတ်သားသွားမယ်လို့ လာခဲ့ခြင်းပါ'

'အော်သည်လိုလား၊ ကျွန်မလည်း ခါတိုင်းတော့ သည်လို အချိန်မှာ အိပ်ပျော်ပြီ။ အိပ်ပျော်ပြီဆိုတော့လည်း အခန်းထဲမှာတစ်ယောက်တည်း အိပ်တော့ ဖြစ်ကတတ်ဆန်း အရမ်းပေါ့၊ သည်ကနေ့တော့ ဘုရားကို အာရုံပြုပြီး ကြည်ညိုနေတော့ စိတ်ဟာ အေးချမ်းသာယာပြီး ကြည်လင်ကာ ရုတ်တရက် မအိပ်သေးဘူးပေါ့။ ဒါပေမဲ့ ကိုမှွမ်းကြည့်ချင်တယ်ဆို ရင် မခိုးရပါဘူး။ သေသေချာချာကြည့်ပြမှာပါပဲ။ သို့သော်... ရွံ့တတ်ရင် တော့ ရွံ့စရာပဲ။ ကြည့်မှာလား...'

'မမရွှေ ကျွန်တော် မမြင်ချင်ပါဘူး...'

'ဘယ်သူကခိုင်းသလဲ ကိုမှွမ်းရယ်ပြောပါ...'

'ဒါတော့ ပြောလို့မကောင်းဘူးခင်ဗျာ၊ ကိုယ့်ကို ယုံလို့ခိုင်းတာပါ။ ကျွန်တော် သစ္စာဖောက်ရာရောက်မှာပေါ့...'

'ကိုင်းရှင်၊ ကျွန်မတစ်ခုပြောမယ်...'

'ဟုတ်တယ်...'

'အဲသည် သူ့ကိုပြောပြပါ၊ ကြည့်ချင်လာခဲ့။ နေ့အချိန်မှာ လာခဲ့ပါ။ သေသေချာချာ ပါးပါးနပ်နပ်ပြပါမယ်။ အလိုရှိသလို ကြည့်ပါ။ ကြည့်ချင်သလိုကို ပြပါမယ်။ ကိုမှွမ်းတို့ရဲ့ အကြံဟာ ဘာလဲ ဆန်းနေတယ်...'

'ဒါကို ပြောလို့မကောင်းဘူး...'

'မပြောရင် ကျွန်မ မကျေနပ်ဘူးရှင်...'

'ခက်နေပါပြီ၊ သည်လူဟာ အတော့်ကို ထောင့်မကျိုးတဲ့လူပါ...'

'ကိုမှွမ်း၊ သည်လိုလူကိုလည်း ကျွန်မပြောသလို သေသေချာချာ ပြောပြပါ...'

mgyoe.com

mgyoe.com


'ကိုတက်ခါးကတော့ အပြောသား၊ မင်းခွအကျကြီးကျမယ်။ မလုပ်လေနှင့်လို့ မမရွှေထံ တို့အချိန်မရွေးသိချင်တာကို မေးနိုင်တယ်လို့...'

'ကိုမွှမ်းရယ် ကျွန်မပြောတာကိုသာ သူ့အားပြောပြလိုက်ပါ...'

'ဟုတ်ကဲ့...'

သူခိုးကျော် ကိုမွှမ်းသည် ပြန်သွား၍ သူဌေးမကလေးရွှေရွှေသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်လေ၏။

ရွှေရွှေသည် အတော်ပင် ထူးဆန်းသော သူဌေးမကလေးလား၊ တစ်စုံတစ်ရာ အပူအပင် အကြောင့်အကြမရှိဘဲ နေဟန်တူသည်။ သူဌေးမကလေးပဲကိုး နေသည်မှာနေပါတော့၊ ညအချိန်တွင် ဝင်းတံခါးကို ပိတ်သင့်သည်။ အိမ်မှ တံခါးမကိုပိတ်သင့်သည်။ အစောင့်အနေထားသင့်သည်။ သူမထား၊ ဘာကြောင့်လဲ။

'စမ်းစမ်းပါလား၊ ဓားဦးဖျားမှာ အသက်ပါသွားမည်။ မည်သူ့ဓားဦးဖျားတွင် အသက်ပါမည်လဲ။ ရွှေရွှေမှာ ဓားအမြဲဆောင်ထားသလား။ ဘယ်လိုထားသလဲ၊ ဝိဇ္ဇာက စီရင်၍ပေးထားသောဓား၊ ရွှေရွှေတွင် ရှိသလားမရှိ။ ရွှေရွှေ၌ ရှိသည်ကား အလှူပေးခြင်း၊ စွန့်ကြဲပေးကမ်းခြင်း ထောက်ပံ့သင့်သူအပေါ်၌ အမြတ်မယူဘဲ ထောက်ပံ့ခြင်း၊ ချစ်ဖွယ်သောစကားကို ဆိုတတ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းခြင်း၊ သူတစ်ပါး၏အကျိုးကို လိုလားသမှုနှင့်ဆောင်ရွက်ခြင်းတို့ ခေတ်အလျောက်ရှိသည်။

ထိုသဘောတို့ကြောင့် ရွှေရွှေကိုမထိနှင့် မီးပွင့်သွားမည်။ ငတက်ခါး၊ ငမွှမ်းစသော သူခိုးကျော်၊ လူဆိုးလူမိုက်တို့သည် ရွှေရွှေ၏သက်တော်စောင့်များဖြစ်ကြသည်။ တစ်ခါတစ်ရံ ထိုလူဆိုးလူမိုက်တစ်စုသည် ရွှေရွှေ့အိမ်မှာပင် လာရောက်အိပ်ကြသည်။

'ကြံကြံဖန်ဖန် ပုဂံပြည့်ရှင် ဘုရင်မင်းမြတ်က ရွှေရွှေလင်ယူမည်ဆိုသော် ယူချင်သည်လောက်ယူ၊ ပုရဗိုဇ်မလုပ်သော် ထောင်သွင်းအကျဉ်းချထားရမည်ဟု အမိန့်တော်ချထားသည်။

'ဆန်းတော့အဆန်းပဲ...'

သူခိုးစွမ်းကောင်း မောင်မွှမ်းသည် သူ့အား ရွှေရွှေ၏အဝတ်တွင်းမှ ထူးခြားသော အမှတ်အသားများကို ခိုးယူရန်ခိုင်းသော သူဌေးသားအား

mgyoe.com

mgyoe.com

ရွှေရွှေပြောပြသောစကားတို့ကို ပြန်ကြားလေရာ ထိုသူဌေးသားသည် ဆတ်ဆတ်တုန်သွားလေသည်။

ဘယ်လိုသူဌေးမကလေး ရွှေရွှေလဲ စဉ်းစားစရာရှိပေသည်။ မြောက်ပြင်သူဌေးသား မောင်ရွှေခဲက ရွှေရွှေထံ မေတ္တာရှိကြောင်းနှင့် အောင်ကြား တမန်လွှတ်သောအခါ ရွှေရွှေက သူဘာကိုလို၍ ကျွန်မကို ချစ်ကြိုက်သလဲ။ ပေနှင့်ရေး၍ သေချာစွာပြန်ကြားပါစေဟုဆိုသဖြင့် ထပ်ထပ်လန့်သွားလေသည်။

အရှေ့ပြင်သူဌေးသားမောင်စိတ္တကလည်း မိဖုရားကြီးဂြမ်းထံ ကပ်၍ ရွှေရွှေကို လိုချင်ကြောင်း ပူဆာသဖြင့် မိဖုရားခေါင်ကြီးဂြမ်းက ရွှေရွှေကို နားမှုတ်ရာ၊ ရွှေရွှေက ကိုစိတ္တက သူ့ကို ဘာကြောင့်လိုချင်ပါဘိသနည်း။ သူ့မှာရှိသော လယ်ယာမိုးမြေ ပစ္စည်းဥစ္စာရတနာ ရွှေငွေတို့ကို နှစ်သက်တပ်မက်သဖြင့် လိုချင်ပါသလော။ ဤသည်တို့သည် မမြဲ။ ဤသည်တို့သည် ရန်သူမျိုးငါးပါးဘေးဖြင့် ပျက်စီးသွားနိုင်သည်။ သွားတတ်သည်။ ဖြစ်ခြင်းသည် မမြဲ။ ပျက်စီးခြင်းသည် မြဲသည်။ ဤသည်တို့ကို နှစ်သက်တပ်မက်၍ လိုချင်သောသူသည် ဤသည်တို့မရှိပါက ပျက်စီးပါက မောင်းထုတ်ရန်သာ သဘောသက်ရောက်ပေသည်ဟု တင်ဖူးသည်။

ထိုမှတစ်ပါး ရွှေရွှေသည် မိဖုရားခေါင်ကြီး ဂြမ်းထံ ဤသို့တင်ပြန်လေသည်။

ကိုစိတ္တသည် ဘုရားကျွန်မ မိရွှေကို လိုချင်ရာ၌ ဘုရားကျွန်မ၏ အရုပ်အဆင်းလှပခြင်းကို နှစ်သက်တပ်မက်၍ လိုချင်ခဲ့ပါသော် အလွန်ထိတ်လန့်ဖွယ်ရာ ကောင်းသော လိုချင်ခြင်းဖြစ်ရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဤသည်တို့ကြောင့် သဘောပေတည်း။

အရုပ်အဆင်းမည်သည် မတည်မမြဲ။ အမြဲဖောက်ပြန်နေသည်။ တစ်နေ့သော် အရုပ်အဆင်းဖောက်ပြန်၍ အမယ်အိုရွတ်တွကြီး ခါးကုန်းဆံဖြူ၊ သွားကျိုးမဖြစ်ရမီပင် အသက်လေးဆယ်ရွယ်ရှိလာက ယခုရုပ်အဆင်းကဲ့သို့ လှပပြေပြစ်ချစ်နှစ်သက်စရာ ကိုစိတ္တတပ်မက်ပါသည့် အဆင်းအသရေမျိုးရှိမည် မဟုတ်တော့ပါ။ ထိုအခါမှအမယ်အိုမ၊ မျောက်မ၊ နင်ကြွပေတော့ဟု မောင်းထုတ်ရန်သာ သဘောသက်ရောက်ပေသည်။

mgyoe.com

mgyoe.com

သူသည် ဘာကိုလို၍ ဘုရားကျွန်မကို တပ်မက်နှစ်သက်ပါဘိ သနည်း။ ဦးနှင့်ဆံနှင့် ကန်တော့ပါဘုရား။ သူသည် ဘုရား ကျွန်မထံ၌ မေထုန်မှုကိုလို၍ နှစ်သက်တပ်မက်ခဲ့ပါသော် ဘုရားကျွန်မသည် အသက် လေးဆယ်ကျော် သွေးသားဆုံး၊ အသက်ငါးဆယ်ရွယ်ရောက် သီလဆောက် တည်ကာနေချိန်ကြောင့် မေထုန်သဘောကို စက်ဆုပ်လာပေတော့မည်။ ထိုအခါ သူသည် သူ့အိမ်မှ ခြေနှင့်ကျောက်ချပေလိမ့်မည်။

သူသည် ဘုရားကျွန်မထံ၌ ဘာကိုမြင် ဘာကိုလို၍ နှစ်သက်တပ် မက်ဘိပါသနည်း။ ပေနှင့် အတိအကျ ပြန်ပါစေဘုရားဟု လျှောက်တင် ဖူးသည်။ ထို့ကြောင့် အရှေ့ပြင် သူဋ္ဌေးသားမောင်စိတ္တလည်း ထပ်ထပ်လန် သွားလေသည်။

တောင်ပြင်သူဋ္ဌေးသားမောင်ညိုမြကလည်း ချစ်နှစ်သက်မိကြောင်း နှင့် အောင်ကြားတမန်လွှတ်၍ ရွှေရွှေထံဆက်သောအခါ ရွှေရွှေက ထို အောင်ကြားတမန်အမယ်အိုအား ဤသို့ ပြောဖူးသည်။

ကိုညိုမြကချစ်သည်ဆို၍ ရွှေရွှေသည် ချစ်စရာပါလားဟု ကျွန်မ ဝမ်းသာမိပါသည်။ ကိုညိုမြက ကြိုက်သည်ဆိုသောကြောင့် မိရွှေသည် ကြိုက်စရာပါကလေးလားဟု ဝမ်းသာမိပါသည်။ သို့ရာတွင် ကိုညိုမြသည် မိရွှေ့အပေါ်၌ ဘာကိုချစ်ကြိုက်မိပါသနည်း၊ ဘယ်လို အသုံးပြုချင်သော ကြောင့် ချစ်ကြိုက်ပါသနည်းဟု ပေတင်ကာ ပြန်ကြားစေလိုပါသည်။

ထိုသို့သော ကလိကလောက်ကြောင့်၊ သူဋ္ဌေးသားမောင်ညိုမြလည်း လန့်သွားရလေသည်။

အနောက်ပြင်သူဋ္ဌေးသားမောင်မောင်မြင့်ကလည်း ရွှေရွှေကို ဘဝက ရေစက်ကြောင့် ကျောင်းမှာ အတူစာသင်စကစ၍ ချစ်ခင်ကြိုက်နှစ်သက် သဖြင့် လက်ထပ်ရန် သဘောတူပါမည့်အကြောင်းနှင့် ၎င်းတို့၏အိမ်မှ အိမ်စိုးမကြီး ဒေါ်သာလိကို လွှတ်ဖူးသည်။

ဒေါ်သာလိကား စကားပြောအလွန်လည်သည်။ လည်သောကြောင့် လည်း အရပ်က ဒေါ်သာလိဟုခေါ်ကြဟန်တူသည်။ ဒေါ်သာလိသည် ရွှေရွှေထံ ရောက်လာ၍ မောင်မောင်မြင့်နှင့် ဖူးစာဆုံ၍ ယှဉ်ပြီးလျှင် ရုံရန်ကို သွယ်ကာဝိုက်ကာနှင့် ကျကျနနပြောလေသည်။

mgyoe.com

mgyoe.com


အနားကနားထောင်နေသူ သူခိုးကြီး ငတက်ခါးကပင် တို့မမရွှေတော့ ကျတော့မည်။ မောင်မြင့်ကလည်း ကော်တရာကပ်စီးနဲ့၊ တို့နှင့်တော့ ဘယ်လို နွဲ့ရပါမလဲဟု အောက်မေ့တွေးဆနေလေပြီ။

ရွှေရွှေသည် ဒေါ်သာလီ၏စကားကို နားချို၍စိုက်ပြီးလျှင် သာယာသောအသံနှင့် ဖြည်းညင်းစွာ ဤသို့ပြောပြကာ တုံ့လေသည်။

'ဒေါ်ဒေါ် ကျွန်မကိုယ်တော့ ကျွန်မ လှတယ်လို့ မထင်ဘူးရှင့်။ ဒါကြောင့်ကို တိုးတိုးပြီး လှပါစေတော့လို့ နေ့တိုင်း သနေရတာပဲရှင့်။ ဒေါ်ဒေါ်ရဲ့လူ ကိုမြင့်ကို ကျွန်မ ခဏခဏတွေ့ဖူးလို့ လူလှ လူချောဆိုတာကို ကျွန်မ မြင်မိ သိမိပါတယ်။ ချစ်စရာကြိုက်စရာ၊ နှစ်သက်စရာ မက်စရာပါပဲရှင်။ ကျွန်မက ငြင်းလျှင် ကန်းမကလေး၊ အရူးမကလေးလို့ ဆိုစရာပေါ့ရှင်။ ဆိုလည်းဆိုသင့်ပါတယ်၊ ဘာကြောင့် ဒေါ်ဒေါ့်လူက ဥစ္စာပေါ၊ ရုပ်ချော၊ သဘော်ငါးစင်းပိုင်ရှင်ကြီးရဲ့သားပါကလား။

'ဒေါ်ဒေါ် သူနှင့်ကျွန်မအကြောင်း ဆက်လို့ ပေါင်းဖက်ကြကာ ချစ်ကြိုက်ကြတော့ သူကလည်း ကျွန်မကို မွေးမယ်၊ ကျွန်မကလည်း သူ့ကို မွေးမယ်၊ ဓမ္မတာကိုရှင့်...

'ညအိပ်ကြပြီး တူစုံမက်ကာ ဖက်ကြပြီးမွေးကာ စက်ရာပေါ်မှာ အပျော်ဆိုက်ကြပြီရှင်။ တစ်ရေးနိုးလာတော့ ကျွန်မရဲ့ မျက်စိက မျက်ချေးတွေထွက်လာပြီ။ ပါးစပ်က သွားပုပ်ရည်တွေ ထွက်လာပြီ။ ဟော သူကမွေးတော့မည်၊ သူဟာ ကျွန်မရဲ့မျက်ချေးနှင့် သွားပုတ်ရည်ကို မွေးနိုင်ပါမလားရှင်...'

'သူက မွေးနိုင်တယ်ထား၊ ကျွန်မကဖြင့် သူ့ကို ချစ်လို့ ကြိုက်လို့ လူကိုသာမွေးနိုင်ပါတယ်၊ သူ့မျက်ချေးနှင့်သွားပုပ်ရည်ကိုဖြင့် ဘယ်နည်းနှင့်မှ မွေးနိုင်မယ်မဟုတ်ပါရှင်။ သူ့မျက်စိက မျက်ချေးမထွက်ဘူး'သူ့ပါးစပ်က သွားပုပ်ရည်မထွက်ဘူးလို့ သူအာမခံနိုင်ပါ့မလား၊ အိပ်တဲ့အခါ မျက်ချေးနှင့် သွားပုပ်ရည်မထွက်တဲ့လူဟာ ကျန်းမာခြင်းမလုံလောက်လို့ မြန်မြန်ဆံဖြူသွားကျိုး မျက်စိမွဲတတ်တယ်ရှင့်...'

'သည်လို သဘောလည်း ရှိသေးတယ်ရှင့်၊ ဟာသည် လိုဟာတွေကို မမြင်မတွေ့ရအောင် ညမှာ အိပ်ရာတိုက်ခန်းကို မှောင်ချကာ အိပ်ကြမယ်ဆိုရင် ဖြစ်နိုင်ပါသေးတယ်။ ခက်တာတစ်ခုက သည်လိုရှင့်...'

mgyoe.com

mgyoe.com


'ညအိပ်ကြတဲ့အခါ ဓမ္မတာသဘာဝပေါ့ရှင်၊ ခင်ခင်မင်မင် ပျော်ပျော်ပါးပါး တစ်ယောက်နှင့်တစ်ယောက် ချစ်မဝနိုင်ဘဲ ကစားကြလို့ပေါ့...'

'ဒါပေမဲ့ ဟော...ညအချိန် အိပ်ရာထဲမှာ အီးပေါက်မိပြီရှင်၊ အီးဆိုတာ တော်တော်နံတယ်။ သူအီးပေါက်တော့ သူ့အီးဟာ နံပေမင့် ကျွန်မက သူ့ကိုချစ်မိလို့၊ ကြိုက်မိလို့၊ စိုက်မိလို့၊ နံ့သာ ကရမက်နံ့ကဲ့သို့ ထားနိုင်တယ်၊ မွှေးနိုင်တယ်ဆိုပါတော့...'

'သူက ကျွန်မရဲ့ အီးကို မွှေးနိုင်ပါ့မလား၊ ကျွန်မကလည်း တစ်ညမှာ အီးလေးငါးခါ ပေါက်တတ်ပါတယ်။ တစ်ခါပေါက်ရင် တီ...တီ...တီဆိုကာ သုံးချက်ဆင့်ပါတယ်။ အို ဒေါ်ဒေါ်ရယ် ကိုယ့်အီးနှင့်ကိုယ် နံလွန်းလို့ စောင်ကို ဖွင့်ခါရတယ်။ ဆောင်းတွင်းများမှာတော့ ဒုက္ခပါပဲ။ အဲသည်တော့ သူက မွှေးနိုင်ပါတယ်ဆိုရင် ဒေါ်ဒေါ်ခေါ်ခဲ့ ဒေါ်ဒေါ်ရှေ့မှာ သူ့ကို ထိုင်ထားစေပြီး ကျွန်မ ထဘီကို လှန်မကာ သူ့နှာခေါင်းမှာ အီးပေါက်ပြပါမယ်...'

'တကတဲ ချစ်လို့ ကြိုက်လို့ ယူကြတဲ့ လင်မယား ညအိပ်တော့မှ အီးပေါက်တာနှင့် တစ်ယောက်တစ်ပေါက် ကတောက်ကဆဖြစ်ကာ စကားများကြရရင် မကောင်းဘူးရှင့်၊ ဒေါ်ဒေါ့်လူကို ခေါ်ခဲ့၊ အီးနှင့်ပန်းပြီး စမ်းသပ်မယ်ရှင့်...'

ဒေါ်သာလိကား ဘယ်လို ဟာမကလေးပါလိမ့်မလဲ။ ကြမ်းလှ၊ ရမ်းလှပါကလားဟု ရှုံ့ကာမဲ့ကာ၊ ရွံ့ကာနှင့် ရွှေရွှေကိုမှု နှုတ်မဆက်ဘဲ ပြန်သွားလေ၏။ ရွှေရွှေသည် ဘယ်လောက် စုတ်ပဲ့သည့် ရွှေရွှေပါနည်း။ သူခိုးကြီးတေက်ခါးကမူကား၊ ၎င်းတို့၏ မမရွှေ ပြောသော စကားကို အတော်ပင် သဘောကျပုံပေါ်လေသည်။

သူခိုးကြီး ငမွှမ်း၏ ပြောပြချက်အရ သူဌေးသားတစ်ယောက်ထံ ပြန်ကြားရာ၊ ထိုသူဌေးသားမှာ ဆတ်ဆတ်တုန်သွားခြင်းထက် မထွေးနိုင် မအံနိုင် ဖြစ်နေပေတော့ပြီ။ ၎င်းသည် ရွှေရွှေက ပြမည်ဆိုခြင်းကို ကြည့်ချင်၏။ သို့ရာတွင် မကြည့်ဝံ့၊ အကယ်၍ ရွှေရွှေသည် အိပ်နေ၍ အဝတ်ကင်းကွာသော် ချောင်းပြီးလျှင် ကြည့်နိုင်သော်ကား ကြည့်ချင်သည့်အတိုင်း ကြည့်ရဲပေမည်။

mgyoe.com

mgyoe.com


ထိုသူဌေးသားသည် အကယ်၍ ရွှေရွှေသည် တစ်ယောက်တည်း အဝတ်မပါဘဲ ရေချိုးသည်ကိုလည်းကောင်း၊ ကိုယ်ကိုတုံးလုံးပြု၍ သနပ်ခါးနံ့သာပြောင်းတို့ လိမ်းနေသည်ကိုလည်းကောင်း၊ တော်ရာက ချောင်း၍ ကြည့်နိုင်သော် ကြည့်ချင်လွန်း၍ ကြည့်ရဲပေမည်။

ဤသည် သဘာဝလား၊ ထိုသည် သဘာဝဖြစ်ခဲ့သော် ထိုသဘာဝသည် ဘယ်လို ဘယ်လို သဘာဝပါနည်း။ ယောကျ်ားများသည် ထိုကဲ့သို့ စိတ် သဘောရှိမည်လား၊ ရှိသော် အဘယ်ကြောင့်နည်း။ အပြစ်ဆိုမည်လား၊ အင်းသဘာဝဟု ဝမည်လား။

စင်စစ်သော်ကား ရွှေရွှေသည် မာနခက်ထန်ရုံမျှမက ရန့်ကြမ်းသည်ဟုပင် ဆိုစရာဖြစ်နေပေသည်။ ရွှေရွှေကို မာနခက်ထန်သည် ဆိုစရာလော၊ ၎င်း၏အိမ်မှာ မိဘလက်ထက်ကစ၍ ကြေးကျွန်မရှိ၊ ကျေးကျွန်သာရှိသည်။ ၎င်းသည် ၎င်း၏ အိမ်က ကျေးကျွန်တို့နှင့် ရောနှောကာ အတူနေခြင်းများသည် ထမင်းစားသော် တစ်ဝိုင်းတည်း အတူတူစားခြင်းသာများပေသည်။

ရွှေရွှေသည် ယာထွက်ပစ္စည်းများကို လက်ခံသိမ်းပိုက်ရောင်းဝယ်သော်လည်း ၎င်းသည် မြေပိုင်ရှင်မဟုတ်ချေ။ ၎င်းမှာ ၎င်းပိုင် သင်္ဘောလေးစင်း ရှိသည်။ တောင်သူလယ်သမား၊ ယာသမားများက ရွှေရွှေထံတွင် ငွေလှယ်၍ တောင်သူအလုပ်ကို လုပ်ကြခြင်းဖြင့် ငွေကို မဆပ်နိုင်သဖြင့် ၎င်းတို့၏မြေကို သွင်းသော်လည်း ၎င်းသည် တောင်သူအလုပ်ကို မလုပ်သဖြင့် လက်မခံချေ။ ထိုသို့လက်မခံသော်လည်း ထိုငွေကို မလျော်စေကာမူ ပေးနိုင်၍ ပေးလိုသော အခါမှပေးဟု လိုက်လျောခြင်းကို ပြုထားသဖြင့် မြေထွက် အသီးအနှံများမှာ ၎င်း၏ ကျည်ကျများတွင် များစွာ ရောက်လာကြပြီးသော် ထိုသီးနှံပိုင်ရှင် များသာလျှင် ၎င်းတို့သဘောကျ ရောင်းချကြရလေသည်။ ထို့ကြောင့် ရွှေရွှေသည် သူဌေး သူကြွယ်ဆိုသူများနှင့် သဟဇာတဖြစ်ခြင်းနည်းပေသည်။

ထို့ထက် ထိုသူဌေးသူကြွယ်တို့ မနှစ်သက်သည်မှာ ဤသို့ ဖြစ်နေပေသည်။

ရွှေရွှေသည် မိမိသူဌေးမဟူ၍ အဆင့်အတန်းမထား၊ တောင်သူများနှင့်

mgyoe.com

mgyoe.com


ရောသဖြင့် တောင်သူများနှင့် ကြုံကြိုက်သောအခါ အတူနေအတူစားခြင်း၊ ၎င်း၏သဘော်အလုပ်သမားများနှင့်လည်း ရောနှောကာ အတူနေ အတူစား ခြင်းကို ပြုပေသည်။

သည်သို့ဆိုသော် ၎င်းကို လာ၍ အိမ်ထောင်ပြုရန် စပ်ဟပ်သော သူဌေးသားများနှင့် ဆီငေါ်မတည့်နိုင်အောင် ရွှေရွှေ၏ပြုမူပုံကို မာနကြီး သည်ဟု ထင်မှတ်ရန် ခဲယဉ်းနေပေသည်။ ထိုသို့တပြီးကား ရွှေရွှေသည် ရှန့်ကြမ်းသလော၊ ယုတ်မာသလော၊ ဤသည်ကို နောင်တွေ့သိရမည့် ၎င်း၏ အကြောင်းသဘောသည်ပင်လျှင် ဆုံးဖြတ်ဖွယ်ဖြစ်ကောင်းပေမည်။

ရွှေရွှေသည် သူခိုးမောင်မွှမ်းပြောပြချက်အရ သူဌေးသားတစ်ယောက် က သူ၏အဝတ်တွင်း အမှတ်အသားကို သိလိုသည်ဟုဆိုသော သဘော၌ ထိုသူဌေးသားကို မသိရစေကာမူ ချင်းသည် အဘယ်ကြောင့် သိလိုရသနည်း ဟုကား ခဏခဏ သတိပေါ်နေပေသည်။ သို့သော် ထို အဓိပ္ပာယ်ကို ရွှေရွှေသည် မဆဝါးနိုင်ပေ။

တစ်နေ့သော် ရွှေရွှေသည် နေ့အားဖြစ်သဖြင့် ၎င်း၏ သူငယ်ချင်းမ နှစ်ယောက်နှင့် စကားပြောနေသည်။ လူတစ်ယောက်သည် အဝတ်ဖြူကို ဝတ်၍ ရွှေရွှေတို့ထံ ဝင်ရောက်လာရာ ရွှေရွှေသည် 'အသင့်ကို ဘယ်သူက အခွင့်ပြုလို့ လာရသလဲ ပြန်သွား၊ ခုချက်ချင်းပြန်သွား'ဟု ငေါက်လွှတ် သည်။

၎င်း၏ သူငယ်ချင်းများသည် အလွန်အံ့ဩကြလေသည်။ အဘယ် ကြောင့်ဆိုသော် ရွှေရွှေသည် မည်သူ့အပေါ်၌မျှ မောက်မာသောအသံနှင့် မပြော စဖူးချေ။

ထိုပိတ်ဖြူဝတ်ကား 'အရှင်မ...'ဟု စကားဆိုကာ ရပ်နေရာ၊ ရွှေ ရွှေသည် 'ဘာရပ်ပြီး ကြောင်တောင်ငေးတေးလုပ်နေရသလဲ။ လူကို အရှင်မလေ့ ဘာလေ့နှင့် အသေမဖြစ်နေသည်ကို မြှောက်နေပြန်ပြီပြန်သွား' ဆိုကာ အခွင့်မပြုချေ။

ထိုသူသည် ပြန်ထွက်သွား၍ အိမ်အပြင်တွင် ရွှေရွှေ၏ အိမ်စိုးမနှင့် တောင်းပန်ကာ စကားပြောဆိုနေသည်။ အိမ်စိုးမဒေါ်ညက်သည် ထိုသူအား ဆိုင်းထားခဲ့ပြီးသော် ရွှေရွှေ၏ထံသို့ သွားရောက်ပြီးလျှင် ဤသို့ပြောဆို

mgyoe.com

လေသည်။

'ညည်းနှယ်အေ၊ ဘာမှမစဉ်းစားဘူး၊ ဘယ်အရာမဆို စိတ်လိုက်မာန်ပါ မလုပ်ရဘူး။ စိတ်ဆိုတာ အင်မတန် ကျယ်ပြန့်တယ်။ ထုထည်၊ အလျား၊ အနံနှင့်တိုင်းလို့ မရဘူး။ အင်မတိအင်မတန်လည်း မြန်တယ်။ သေခြင်းထက်လည်းမြန်တယ်၊ သေခြင်းဟာတောင် စိတ်ရဲ့နောက်လိုက်၊ မာန်ပါဆိုတာကတော့ ကိုယ့်ကို မှောင်ချထားတာ မှောင်ထဲရောက်နေရင် မလင်းဘူး။ အလင်းကို မြင်နေရပေ့ ကိုယ်ဟာ မှောင်ထဲကပဲ...'

ရွှေရွှေသည် ၎င်းအိမ်စိုးမ၏စကားကို စဉ်းစားနေ၏။ ဒေါ်ညက်သည် ဤသို့ပြောပြန်၏။

'လူကို မပိတ်ပင်ရဘူး၊ ပိတ်ပင်ခြင်းဟာ ကိုယ်ရဲ့ နားနှင့် မျက်စိကို ကိုယ်မှောင်ချထားခြင်းပဲ။ တစ်နည်းတုံ ပိတ်ထားခြင်းပဲ။ လူကို ပိတ်ပင်ထားခြင်းကြောင့် သူ့သဘောကို ကိုယ်ဘာမှ မသိရဘူး။ ဒါကြောင့် သေစေတတ်သောဓား၊ လှံ လက်နက် တစ်ခုခုကို စွဲကိုင်လာသူ မဟုတ်ခဲ့သော် မပိတ်ပင်ရဘူး။ ဘယ်အခါမဆို သူ့သဘော၊ ကိုယ့်သဘောဟုရှိတယ်..."

'ဟုတ်ကဲ့...'

'သူ့သဘောနှင့်ကိုယ့်သဘောလို့ လောကမှာ အမြဲရှိတယ်။ သည်လိုရှိရာသူက မှန်ချင်လည်းမှန်မယ်။ ဟုတ်ချင်လည်းဟုတ်မယ်။ ကိုယ်ကမှားချင်ရင်လည်း မှားမယ်။ မဟုတ်မဟတ်လည်း ဖြစ်ချင်ဖြစ်မယ်။ သည်တော့ သူ့သဘောနှင့် ကိုယ့်သဘောကို တည်းဖြတ်ဝေဖန်ခြင်းမှ ရသောအဖြေကို ယူဆရမယ်။ လက်နက်မပါသော သူရဲကောင်းဟာ စစ်မြေပြင်ကို မဝင်ထိုက်သလို အသိဉာဏ်မဲ့ တုံးတိတိနှင့်သူများသာလျှင် လူကို ပိတ်ပင် သင့်တယ်...'

'ဟုတ်ကဲ့အမေ...'

'ပြီးတော့ လူကို ချုပ်ချယ်ရာရောက်တဲ့ အပြုအမူမျိုး ဘယ်တော့မှ မပြုရဘူး။ ချုပ်ချယ်သောသူသည် ချုပ်ချယ်ခြင်းကို ကိုယ်ကအရင်တင်ကူး၍ ခံရသည်။ ဘယ်လိုလဲဆိုရင် ကိုယ်ကချုပ်ချယ်ထားလို့ ကိုယ်ကြားထိုက်၊ မြင်ထိုက်၊ သိထိုက်တို့ကို ကိုယ်မကြား၊ မမြင်၊ မသိရခြင်းကြောင့် ကိုယ့်အပေါ်၌ သူတစ်ပါးက ထင်သလိုဆောင်ရွက်နိုင်ခွင့်ကိုပြုတော့ဟု အခွင့်

mgyoe.com

mgyoe.com

ပြုထားရာ ရောက်တယ်။ ဒါကြောင့် ချုပ်ချယ်ထားခြင်းဟာ ကိုယ်ရဲ့ နားမျက်စိကို ကိုယ်ထိုးဖောက်ထားခြင်းဖြစ်နေလို့ ချုပ်ချယ်သူရဲ့လုပ်ငန်းဟာ လောကကို ကောင်းကျိုး ဘယ်လို နည်းနှင့်မျှ မပြုနိုင်ပါဘူး။

'အမေ ကျွန်မနားလည်ပါပြီ...'

သူဌေးမကလေး ရွှေရွှေထံသို့ လာသောသူသည် အခွင့်ရ၍ ရွှေရွှေ ရှေ့၌ နေရာရလေ၏။ ရွှေရွှေလည်း အိမ်စိုးမ ဒေါ်ညက်၏ ပြုပြင်ခြင်းကို လိုက်နာ၍ ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်သဖြင့် ကြည်သောမျက်နှာနှင့် ဤသို့ထိုလာသော သူနှင့် အသင့်အတင့်ပြု၏။

'ရှင် ဘာကိစ္စနှင့်လာသလဲ...'

'အရှင်မရဲ့ လက္ခဏာကို ကြည့်လို၍ပါ...'

ရွှေရွှေကား သူသည် ငါ့ကိုအရှင်မဟုဆိုကာ စကားပြောသည်။ ထို ပြောခြင်းသည် ငါ့ကိုမြှောက်ခြင်းဖြစ်သည်။ ရိုသေလေးစားခြင်းမဖြစ်ရာ အဘယ်ကြောင့်ဆိုသော် ငါပင့်၍ သူရောက်လာခြင်းမဟုတ်၊ သူ့ဖာသာ အလိုအလျောက်လာခြင်းကြောင့် သူ့ကိုချင့်ရန် ငါလက္ခံသည်။ သူအမြှောက်ကို ငါသာယာလျှင် ငါ ကျမည်ဟု အလွန်မြန်ခြင်းနှင့် တွေးဆ ကာ ဤသို့ ရွှန်းလိုက်၏။

'အလိုရှင် ကျွန်မက ကျွန်မရဲ့ အဖြစ်အပျက်ကို သိလိုလို့ လက္ခဏာ ကြည့်ရန် ရှင့်ကိုမပင့်၊ ရှင်က ကျွန်မလက္ခဏာကို ကြည့်လိုလို့ လာတယ် ဆိုတာဟာ အခက်သား၊ ဘယ်လိုစဉ်းစားယူဆရပါမလဲ။ ကျွန်မရဲ့ လက္ခဏာ ကို ရှင့်အား ပြထိုက်ပါသလား...'

'သည်လိုပါ...'

'အမိန့်ရှိပါ...'

'သည်လိုပါ...'

'အလိုရှင်၊ ရှင့်စကားကလည်း သည်လိုပါက ရှေ့သို့ တစ်ခွန်းမျှ မတိုးနိုင်ပါကလား။ ရှင့်ကိုယ်ကိုရှင် ပိတ်ပင်ချုပ်တည်းထားရသလား။ ဘာ ကြောင့်လဲ...'

'သည်လိုပါ...'

'အလိုလာပြန်ပြီ၊ သည်လိုပါပဲ မတက်ပါလား'

mgyoe.com

'လူတိုင်းဟာ ကိုယ်ရဲ့အဆိုးအကောင်း သောင်းပြောင်းထွေလာကို သိချင်တာနှင့် လက္ခဏာဆရာ့ထံ မိမိရဲ့လက္ခဏာကိုပြပြီး မေးချင်ပါတယ်...

'ဒါဖြင့် ရှင်ဟာ လက္ခဏာဆရာပေါ့...'

'ဟုတ်ပါတယ်...'

'နာမည်ကို အမိန့်ရှိပါရှင်...'

'နာမည်ရင်းကတော့ မောင်ပြုး၊ ဘွဲ့က ဉာဏ်လင်းထိန်ပါ...'

'အော်...ဦးဉာဏ်လင်းထိန်ဟာ လက္ခဏာအတတ်ကို မည်သည့် ဆရာထံမှာ သင်ကြားခဲ့ယူပါသလဲ...'

ဦးဉာဏ်လင်းထိန်သည် ရုတ်တရက်မဖြေဘဲ တွေနေ၏။ ရွှေရွှေကား သဘောကျ၍ ၎င်း၏ သူငယ်ချင်းမ နှစ်ယောက်အား သင်္ဘောသီးသုတ်ကြရှင်။ ငရုတ်သီးကပ္ပလီသီးနှင့် စပ်စပ်သုတ်ပါ။ လက္ခဏာဆရာကြီးလည်း ရေနွေးပူပူနှင့် သုံးဆောင်ရအောင်ဟု ဆို၏။

လက္ခဏာဆရာကား 'ရော...ခက်ချီ၊ ငါလည်း ငရုတ်သီးမစားဝံ့ဟု တွေးဆကာ သင်္ဘောသီးသုပ်မစားရမီကပင် ချွေးကျရမည့်ကဲ့သို့ပင် ဖြစ်နေ၏။ ရွှေရွှေလည်း ဤသို့ ထပ်၍ ရွှန်းတော့၏။

'အမိန့်ရှိပါရှင်...ဘယ်မှာဆရာ့နည်းကို ယူခဲ့ပါသလဲ...'

'ဆရာတော်ဘုရားအရှည်းချမ်းမြေ့ထံမှ လက္ခဏာကျမ်းကို သင်ကြားခဲ့ယူပါတယ်'

'အော်...ကျွန်မကတော့ သုနာပရန္တတိုင်း စက်တော်ရာ မုဆိုးတောင်ထိပ် သစ္စပန်ညွှန့်မှာ သီတင်းသုံးနေတော်မူတဲ့ ပုရပိုဇ် ဆရာတော်ဘုရား နေမြင် လမြင် ဦးမိုးမြင့်ထံမှာ များသင့်ခဲ့သလားလို့ လက်စသတ်တော့ အရှည်းဆရာတော် ဦးချမ်းမြေ့ထံမှာကိုး...'

'ဟုတ်ပါတယ်...'

'အဲသည် အရှည်းဆရာ ဦးချမ်းမြေ့ဟာ အချိန်အရွယ်ကောင်းစမှာ ကျွန်မ၏ မိဘများရဲ့ လေ့ကြီးတစ်စင်းမှာ ပဲ့နင်းကြီးပေါ့....'

'ဟုတ်ကဲ့...'

'သူဟာ ဧရာဝတီမြစ်ကြောင်းမှာ ဘယ်နေရာတွင် ရေတိမ်တယ်။ ရေနက်တယ်၊ စည်းသောင်ရှိတယ်၊ ကျောက်ဆောင် ကျောက်တုံးရှိတယ်

mgyoe.com

mgyoe.com


တစ်စုံးရှိတယ် စသည်ဖြင့်ပေါ့လေ...ရေကြောင်းကို ကောင်းကောင်းကြီး နားလည်ပါတယ်။ ပြီးတော့ လေရိပ်မိုးရိပ်ကိုလည်း ကောင်းကောင်းကြီး နားလည်ပါတယ်။ အဲသည်အရည်းဆရာတော်ထံမှာ သည်အတတ်ကို သင်ကြားခံယူတယ်ဆို တော်သေး....'

'ခုလည်း...'

'နေပါဦးလေ...အဲသည် အရည်းဆရာဟာ လေ့မှာ အုပ်ချုပ်ရေး၌ အဂတိလိုက်စား၊ ပြီးတော့ ပေါင်းသင်းဆက်ဆံရေးမှာ အင်မတန် ညံ့တာနှင့် အဖေတို့က လျော်ကြေးပေးပြီး အလုပ်က ထုတ်ပစ်လိုက်တဲ့ အရည်းချမ်းမြေ့ ပါ...'

'ဒါပေမဲ့ လက္ခဏာအတတ်မှာ အင်မတန် တတ်ပါတယ်'

'ထားပါ၊ ရှင် ဘာကြောင့် ကျွန်မထံ လာပါသလဲ'

'လက္ခဏာပြပြီး ဖြစ်ဆဲဖြစ်လတ့် အကြောင်းကို ဟောချင်လို့ပါ...'

'ကျွန်မ မသိချင်ပါ။ တကယ်လို့ လက္ခဏာက နောက် ငါးရက်ရှိရင် သေမယ်လို့ ပြနေရင် ပြနေတဲ့အတိုင်းဟော၊ ကျွန်မ ကြောက်လန့်ပြီး မစားမသောက်နိုင်တာနှင့် ချက်ချင်းသေရမှာ ဒါကြောင့် မကြည့်ချင်ပါ'

'အရှင်မ မကြည့်ချင်ပေမယ့် အရှင်မလို အဓိကရ အမျိုးသမီးများရဲ့ လက္ခဏာဟာ ဘယ်လိုလဲလို့ ကျွန်တော် သိရပြီး မှတ်တမ်းတင်ထားချင်လို့ပါ'

'ကျွန်မဟာ အဓိကရလား...'

'ဟုတ်ပါတယ်'

'ဘာကြောင့်ပါလဲရှင်...'

'အရှင်မဟာ ချမ်းသာကြွယ်ဝတယ်၊ လှလည်းအလွန်လှတယ်၊ ပုဂံပြည်ကြီးမှာ ဩဇာတိက္ကမ အလွန်ကြီးပါတယ်...'

'အလို...ရှင်...ဘယ့်နှယ်မဟုတ်တာတွေကို ရှောက်ပြီး ဖြန်းနေသလဲ။ ကျွန်မဟာ မချမ်းသာဘူး။ အင်မတန်ပူရတယ်၊ ငါ့ထံက ငွေလှယ် ယူသွားတဲ့ တောင်သူတွေဟာ အသီးအနှံမှ ရပါ့မလား၊ မိုးနှင့်လေကိုလည်း အစိုးမရတော့ မိုးလေမှ မှန်ပါ့မလား။ ငါ့ထံက လှယ်သွားတဲ့ အသပြာတွေကိုမှ ပြန်ဆပ်နိုင်ပါ့မလား။ ခက်ရချည့်။ ပြီးတော့လည်း ငါ့သဘော်တွေ

mgyoe.com

mgyoe.com
ဟာ မြစ်ထဲနှင့် ပင်လယ်ဝမှာ ချောချောမောမောမှ ရှိပါ့မလား။ ပုသိမ်ဝကိုမှ ရောက်ပါ့မလား ဘေးရန်မှ ကင်းပါ့မလားလို့ အင်မတန် ပူရ၊ ဒါထက် ဆိုးတာက ကိုယ်ကလည်း အပျိုဘော် ဝင်မယ်ကြံကတည်းက လင်လိုချင်၊ ခုထက်ထိ လင်မရ၊ ဒါကြောင့်လည်း တစ်နေ့မှ မအေး။ အင်မတန်ပူရ၊ ခု ဘဝမှာ လင်ပဲရပါဦးတော့မလားလို့ တတွေးတွေးနှင့် ဘယ်မှာ အေးနိုင်ပါ့ မလဲ။ အိပ်မရအောင်ပင် ပူပါတယ်။ ကျွန်မ မချမ်းသာဘူး...'

'ဟာ...'

'ရှင်နေဦး မဟာနှင့် ကျွန်မကို ကြွယ်ဝလို့ အဓိကရတဲ့ အဲဒါဟာ ရှင် ကျွန်မကို သက်သက် အရမ်းမဲ့လာဆဲတာ၊ သဘော်သီးသုပ်စားပါဦး ရှင်။ ခြောက်ပါးကင်းရေလည်း ပူပါတယ်'

'မဆဲပါဘူးခင်ဗျာ...'

(ဦးဉာဏ်လင်းထိန်သည် သဘော်သီးသုပ်ကိုစားရာ ကောင်းသော် လည်း အလွန်ငရုတ်သီးစပ်သဖြင့် ရေပူကို သောက်လိုက်မိရာ အလွန်စပ်နေ လေရကား မျက်ရည်များပင် ကျလေ၏။)

'ရှင်၊ ကိုယ်ဆဲတာမှ ကိုယ်မသိဘဲကို။ ဟင်...ဘာကိုတွေးမိလို့ မျက် ရည်ကျနေသလဲ။ ဆဲမိတာကို နောင်တရလို့ မျက်ရည်ကျနေသလား၊ အော်... ကျွန်မသိပြီ၊ သိပြီ။ ကျွန်မ သိပ်အ,တာကိုး။ ရှင် သည်ကိုလာနေ တုန်း၊ ရှင့်ဆရာတော်ဘုရား ဦးချမ်းမြေ့က ရှင့်အိမ်သွား၊ ရှင့်ချစ်ဇနီးထံမှာ ကာမအလှူကိုခံ၊ ဒါကိုတွေးမိလို့လား ဝမ်းမနည်းပါနှင့်။ မျက်ရည်မကျပါနှင့် ဘယ်နည်းနှင့်မျှ ရှင့်ချစ်ဇနီးရဲ့ဇီးကွက်နှုတ်သီးဟာ ရှင့် ဆရာတော်ဘုရားထံ ပါမသွားပါဘူး။ ကပ်ကျန်ရစ်ခဲ့ပါမယ်။

'မဟုတ်ပါဘူးဗျာ၊ ငရုတ်သီးစပ်လွန်းလို့ပါ"

'အော်... သည်လိုကိုး၊ အောင့်စားရှင် ဒါမှ ချွေးထွက်တယ်။ ရှင်က ကျွန်မကို ကြွယ်ဝတယ်ဆိုတယ်။ ကြွယ်ဝဆိုတာ လုပ်ကိုင်ဆောင်ရွက်ခြင်း က ရသမျှဝယ် ဝယ်ပြီး သိုထား၊ ရှားပါးတော့မှ စဉ်းလဲပြီး ကိုယ်ဝအောင် အမြတ်များများကြီးယူ၊ ဈေးကြီးကြီးနှင့် ရောင်းဆိုရာ ရောက်တယ်ရှင့်။ ဒါဟာ ရှင်.. ကျွန်မကို ဆဲတာပဲ။ ကျွန်မကုန်လှောင်ကာ သည်လိုလုပ်နေ သလား...'
mgyoe.com

mgyoe.com

'ဟာ...သိပ်ကို အထအနကောက်တတ်တာကိုး။ ဒါကြောင့်ကို လက္ခဏာကြည့်ချင်တာ...'

'နေဦးရှင်၊ ကျွန်မဟာ လှလည်း အလွန်လှတယ်ဆိုတယ်။ ဒါဟာ ရှင်–ကျွန်မကို သရော်တာ'

'မဟုတ်ပါဘူးခင်ဗျာ...'

'ဘာ မဟုတ်ရမလဲရှင်။ မလှလို့မှ အင်မတန် လင်လိုချင်နေပေမဲ့ ယနေ့တိုင် လင်မရသေးပါ။ ဒါဟာ မလှလို့ရှင့်၊ ရှင်အကြောင်မတိုက်ပါနှင့် ပြီးတော့ ပုဂံပြည်မှာ ဩဇာတိက္ကမ အလွန်ကြီးပါတယ်တဲ့...'

'မကြီးပါဘူးဗျာ...'

'ကျွန်မသာ ဩဇာကြီးပြီးထက်နေရင် ဟိုသူဌေးသားကိုလူချောလာခဲ့။ ရှင့်ကို ကျွန်မ သုံးရက်လင်လုပ်မယ်။ သုံးရက်ရှိရင် ပြန်တော့။ ပြီးတော့ ဟိုသူကြွယ်သား မောင်ရုပ်ချောလာခဲ့။ သင့်ကို ကျွန်မ နှစ်ရက်လင်လုပ်မယ်။ ပြီးတော့ ပြန်တော့၊ နောက်တစ်ယောက် ကျွန်မသည်လိုပဲ ကစားကာ စည်းစိမ်ယူနေပါသလား။ ရှင်တို့ရဲ့ ဩဇာတိက္ကမရှိတဲ့ အရည်းဆရာတွေ လျှို့ဝှက်ပြီး ဘယ်ဒကာ့မယားလာခဲ့ကျောင်းလွတ် ပူဇော်ရအောင် ဘယ်ဒကာ့သမီးလာခဲ့ကျောင်းလွတ် ပူဇော်ရအောင်လုပ်နေတာကို ကျွန်မသိတယ်။ ဒါမှ ဩဇာတိက္ကမရှိတာ ကိုင်းရှင် ကျွန်မသည်လိုလား'

'လက္ခဏာကိုသာဗျာ၊ တစ်ဆိတ်...'

'နေပါဦး...၊ လက္ခဏာဟာ နောင်ဖြစ်မယ့် အကြောင်းကို ပြတာလား ဖြစ်ပြီးတဲ့အကြောင်းကို ပြတာလား'

ဦးဉာဏ်လင်းထိန်သည် ပါးစပ်ဟနေတော့၏။ ရွှေရွှေသည် ပြုံး၍ ဤသို့ ဆိုတော့၏။

'ကလေးကလေးဘဝက လက္ခဏာနှင့် အသက်အစိတ် သုံးဆယ် ရွယ်မှာ လက္ခဏာဟာ တူသလား။ ထိုလက္ခဏာနှင့် အသက်ခြောက်ဆယ် ကျော် လက္ခဏာဟာ တူသလား...'

(ဉာဏ်လင်းထိန်သည် အကြဲကင်းကာ မှိန်သကဲ့သို့ ရှိနေ၏။)

'ရှင့်...ရှေးပညာရှိကြီး ပုရောဟိတ်များဟာ မင်းသား မင်းမြေး စသည်တို့အား လက္ခဏာကိုကြည့်ပြီး ဟောသလား။ ခြေဖဏာကို ကြည့်ပြီး

mgyoe.com

mgyoe.com

ဟောသလား...'

'ခြေဖဝါးကိုပါ...'

'ရှင် ကျွန်မရဲ့ ခြေဖဝါးကို ကြည့်ပြီးဟောမလား'

'ဟောပါမယ်...'

'ညာဘက်လား ဘယ်ဘက်လား၊ နှစ်ဘက်စလုံးလား...'

'မိန်းမဘယ်တဲ့၊ ဘယ်ဘက်ကိုပါ...'

'ကိုင်းရှင်...'ဟု ဆိုကာ ရွှေရွှေသည် ဘယ်ဘက်ခြေကိုမကာ ဆန့်တန်း၍ ဉာဏ်လင်းထိန်၏ မျက်နှာနား မျက်စိရှေ့သို့ ကပ်တော့၏။ ဉာဏ်လင်းထိန်သည် အလိုအလိုဟု နောက်သို့ ဆုတ်၏။

'ဟင်...ရှင် သိပ်ကိုယုတ်ပါကလား။ ရှင်ဟာခြေဖဝါးကိုမကြည့်ဘဲ ဘာကြောင့်ငုံ့ပြီး မတော်တာကို ကြည့်ရသလဲ...'

'မဟုတ်ပါဘူးခင်ဗျာ၊ အရမ်းမစွပ်စွဲပါနှင့်။ ကျွန်တော် သည်လိုလူစားမဟုတ်ပါ။ လက္ခဏာဆရာ ဉာဏ်လင်းထိန်ပါ။ မျက်နှာကို ခြေနှင့် ထိမှာကြောင့် နောက်ဆုတ်တာပါ...'

'ကိုင်းရှင်၊ ရော့ ကျွန်မရဲ့ လက္ခဏာကိုကြည့် ရှင်ပုရောဟိတ်မဟုတ်လို့၊ အရည်းမဟုတ်လို့ ခြေဖဝါးကိုမကြည့်တတ်...'

ဉာဏ်လင်းထိန်သည် ရွှေရွှေ၏ ဘယ်ဘက်လက္ခဏာကိုကြည့်လေ၏။ ရွှေရွှေသည် ဤသို့ပြီ၏။

'ကိုင်း ရှင်၊ ရှင် ကျွန်မရဲ့ လက္ခဏာကိုကြည့်ပြီ၊ ရင်ညွှန့်ရဲ့ အထက်မှာ ဘာပါသလဲ။ ချက်ရဲ့အောက်တစ်ဝိုက်လောက်မှာ ဘာပါသလဲ ပြောစမ်းပါ...'

'ဒါလောက်တော့ ကျွန်တော်...'

'ရှင် သိချင်သလား၊ သိချင်ရင် အဝတ်ချွတ်ပြီး...ရှင့်မျက်နှာနားမှာ ကပ်ပြမယ် ရှင်ကြည့်မလား'

'ဟာ.. '

'ကိုင်းရှင်၊ ရှင်လက်ဖဝါးကိုပြစမ်းပါ၊ [illegible]ချင်တဲ့လက်ဖဝါးကိုပြပါ။ ထိုသို့ဆို၍ ရွှေရွှေသည် ဉာဏ်လင်းထိန်၏အ[illegible]ကို မစောင့်ဘဲ ဘယ်ဘက် လက်ကို အဝ[illegible]းဆွဲပြီးသော် ကြည့်[illegible]းလျှင် ဤ[illegible]သို့ဟော၏။

mgyoe.com

mgyoe.com

'ရှင့်ချက်ကနေပြီး အောက်သို့ သန်းထွာနှင့်ထွာ တစ်ထွာတိတိမှာ မှဲ့ကလေးရှိရမယ်...'

'မရှိပါဘူး...'

ရှိရမယ်...'

မရှိပါဘူး...'

'ကိုင်း၊ ရှင်တို့လာကြရှင်၊ သူ ငြင်းနေတယ်၊ သူ့ကိုဖမ်းပြီး မှားတယ်၊ မှန်တယ် သူ့အဝတ်ကို ချွတ်ကြည့်ရမယ်ဆိုသဖြင့် အဖော်နှစ်ယောက်သည် ထလေရာ၊ ဉာဏ်လင်းထိန်သည် ဘီလူးမ နက္ခတ်နှင့် ယှဉ်မွေးတာပဲဆိုကာ ထ၍ ပြန်ပြေးလေ၏။

ရွှေရွှေတို့သည် ရယ်၍ ကျန်ခဲ့လေ၏။

ထိုသို့သော သဘောမျိုးကြောင့် ပညာရှိသူကောင်းအချို့က မိန်းမ များ၌ ဟန်ဆောင်မှု၊ လှည့်ပတ်မှု၊ စဉ်းလဲမှုတို့သည် အလွန်အားရှိ၏။ ၎င်းကို ပညာရှိချေပြီ။ ဉာဏ်ရှင်ဟု အားမကိုးနှင့် အလွန်သိနိုင် ခက်ခဲသည် ဟု ဆိုကုန်၏။ ရွှေရွှေသည် သူဌေးမ၊ သူဌေးမဆိုသော ဂုဏ်ဒြပ်နှင့်မညီ...၊ ၎င်း၏ပြုမူကျင့်ကြံပုံမှာ အတော်ပင် ယုတ်မာရာရောက်ချေသည်။ ရွှေရွှေ နှင့်တကွသော အမျိုးသမီးသုံးယောက်သည် ဉာဏ်လင်းထိန်ထွက်ပြေးသည် ကို အားရပါးရနှင့် ရယ်ကာ ကျန်ရစ်ခဲ့၍ တစ်ယောက်အမျိုးသမီးက 'မမရွှေ တကယ်ပဲ သူ့မှာ မှဲ့ကလေးရှိပါသလား'ဟု မေး၏။

ရွှေရွှေလည်းရယ်၍ 'ရွှေက ဘယ်မှာ သိနိုင်ပါ့မလဲ။ သည်လူရှုပ်၊ လူပွေထွက်ပြေးအောင် ကြံရတာပါ...'ဟု ဆိုလေ၏။

'မမရွှေရယ်...၊ သူက ဘာကြောင့်လာပြီး မမရွှေလက္ခဏာကိုကြည့် ကာ ဟောချင်ရပါသလဲ'

'ရှင်တို့သတိထားရမယ်၊ လူဆိုတာ အင်မတန် ဗေဒင်မေးချင်တယ်၊ ပုဂံပြည်မှ အရည်းများက ဝါဒဖြန့်သဘော၊ သူတို့ရဲ့ပရိသတ်များ များလာ အောင် ပညာသင်ပေးလို့ ဗေဒင်ပညာဟာ အတော်ထွန်းကားနေတယ်'

'ဟုတ်ပါတယ်....'

'အဲသည် ဗေဒင်ပညာဟာမှန်တယ်ထား...၊ လူတစ်ယောက်ကို ကောင်း တယ်၊ မကောင်းတယ် ဒါကိုပဲ ဟောနိုင်မယ်။ ကောင်းတယ်၊ မကောင်း

mgyoe.com

mgyoe.com
တယ်သိရတာနှင့် တိုင်းပြည်လူမျိုးကြီးပွားကောင်းစားပြီး အထက်တန်း ရောက်နိုင်ပါ့မလား...'

ဟုတ်ပါတယ်၊ ဒါပေ့ ယတြာချေ၊ ဓာတ်ရိုက်လုပ်ကြသေးတာပဲ...'

'ဒါဟာ အရည်းဝမ်းစာရှင့်၊ အညာသွားတဲ့လူကို မဖျားအောင် ယတြာချေ။ ဓာတ်ရိုက်လို့မရဘူး။ ဆေးစားမှသေမယ့်သူကို ယတြာချေ၊ ဓာတ်ရိုက်လို့ ရရင်၊ လောကမှာ သေရမယ့်သူမရှိတော့ဘူး။ အဲသည်တော့ အရည်းများ အားကိုးတစ်ခု၊ လက်သုံးပြုထားတဲ့ သည့်အတတ်ပညာဟာ အလကား အတတ်ပညာ။ ဒါပေ့ လူတိုင်းလောက် ဗေဒင်မေးချင်ကြတယ်'

'ဟုတ်ပါတယ်'

'တစ်ဆင့်တက်ပြီးလာပြန်ပြီ။ လက္ခဏာကမှ သာပြီးမှန်သတဲ့။ အဲသည်တော့ လက္ခဏာဆရာက ဟောမယ်ဆိုရင် လူတိုင်းလောက်ပင် မေးချင်တယ်။ သဘောကျတယ်။ ကျွန်မကိုလည်း လူတိုင်းထဲထည့်ပြီး သည်လိုထင်လို့ ကျွန်မထံ လက္ခဏာကြည့်ကာ ဟောဖို့လာတယ်'

'အော်...သည်လိုကိုး၊ ဘာကြောင့် မမရွှေကို ဟောချင်ရသတဲ့လဲ...'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါဟာ အချက်ကြီး အကြောင်းပဲ။ ကျွန်မ လည်း သည်လက္ခဏာဆရာကို တွေ့တွေ့ချင်း အထင်ကြီးပြီး၊ ကျွန်မရဲ့ အဝတ်တွင်း အမှတ်အသားကို သိချင်လို့ လာတယ်ထင်မိတယ်'

'သူက ဘာကြောင့် သိချင်ရသတဲ့လဲ'

'သိချင်တဲ့ လူတစ်ယောက်က ခိုင်းလို့ပေါ့'

'မမရွှေရယ်၊ မျက်စိလည်စရာကြီး...'

'လောကဟာ အင်မတန်ကျယ်တယ်။ လောကမှာ ငါလို ဘဝင်မြင့်ရင် မှားမယ်။ ကျမယ်၊ သဘာဝမန္တဆိုတာဟာ အင်မတန် သိနိုင် ခက်ခဲတယ်'

'ဟုတ်ကဲ့...'

'စပါးကြီးမြွေဟာ ဘာကြောင့် ညှို့နိုင်သလဲလို့ မေးရင် အဖြေရ ခက်မယ်'

'ဟုတ်ပါတယ်...'

'တချို့ခွေးဟာ မြွေဆိုးကို နိုင်တယ်၊ မြွေဆိုးပေါက်လို့မသေ၊ လျှာမှာ စက်တွေနှင့် တချို့ကြောင်ဟာ သစ်ပင်ခေါင်ဖျားမှာရှိတဲ့ ငှက်အား အောက်က

mgyoe.com

အရိပ်ကိုခုတ်တာနှင့် ကျလာတယ်။ အချို့ကြောင်ဟာ အုပ်ဆောင်းအုပ်ထား ရာ အတွင်းမှာ အစာကို အုပ်ဆောင်းကို မပွင့်စေဘဲ ရအောင်ယူနိုင်တယ်။ အဲသည်လို သတ္တဝါများမှာ ထူးခြားတဲ့လက္ခဏာ တစ်ခုပါတယ်...'

'ဟုတ်ကဲ့...'

'ခု အရည်းများနှင့် ဘုရင့်အစိုးရ တိုက်ပွဲမှာ အာဏာစားလုံတို့နှင့် တိုက်ပွဲမဟုတ် ဉာဏ်နှင့် တိုက်ပွဲဖြစ်နေတယ်'

'အော်...'

'ဒါကို တိုင်းပြည်ကမသိ၊ ဉာဏ်ရှိသူမှ သိနိုင်တယ်"

'ဟုတ်ကဲ့...'

'အဲသည်တော့ ကျွန်မက ဘုရင့်အစိုးရအဖွဲ့ဘက်တော်သား၊ ဘာမဆို အရည်းများ ကြံစည်လုပ်ကိုင်တာကိုသိတော့ အရည်းများဟာ လုပ်ကိုင် ကြံစည်သလောက် အရေးနိမ့်တယ်။ ဒါဟာ ကျွန်မကြောင့်လို့ အရည်းများက ယူဆတယ်'

'အော်...'

'အဲသည်လို ယူဆပြီး ကျွန်မဟာ သူတို့ရဲ့လုပ်ကိုင်ကြံစည်တာကို ဘာကြောင့် သိရသလဲလို့ အရည်းများက စူးစမ်းကြတော့ ကျွန်မရဲ့ ပေါင်း သင်းဆက်ဆံဖော်ရွေမှု၊ မည်သူတို့နှင့် ဖော်ရွေတယ်ကိုမသိဘဲ ဟိုခွေးများ၊ ကြောင်များလို ထူးခြားတဲ့အမှတ်အသား လက္ခဏာတစ်ခုရှိရမယ်။ သည် အမှတ်အသားလက္ခဏာဟာ အဝတ်တွင်းမှာရှိရမယ်လို့ သူတို့အယူရှိပြီး ရအောင်စုံစမ်းနေတယ်'

'သိပြီတဲ့ရှင်...'

'သိတော့ သူတို့ရဲ့ သရဖူကျမ်းနည်း အရသနအောင် ကြံစည်လုပ်ကိုင် မယ်ရှင်၊ သူတို့အယူဟာ ဆန်းကြယ်တယ်၊ ဝိဇ္ဇာက ဆေးနံ့ထားတဲ့လူကို တောင် မီးနေထဘီနှင့် ကားကျက်ကာ ဖမ်းရင် သေနတ်ပြီး ဆေးတန်ခိုးပြယ် တယ်လို့ ယူဆတယ်'

'ဟုတ်နိုင်ရဲ့လား...'

'ဓာတ်သဘောဟာ နက်တယ်။ ကျွန်မက လက္ခဏာဆရာ ရောက် လာတော့ သည်လိုပဲထင်လို့ ကျွန်မက မောင်းထုတ်လိုက်တယ်။ အမေညက်

mgyoe.com

mgyoe.com
ဟာ အင်မတန် ဉာဏ်ကျက်စားတယ်။ အမေညက်ရဲ့ သဘောအရ လက္ခဏာဆရာနှင့် တွေ့ရတော့ ကျွန်မသိပြီ'

'ဘယ်လိုလဲရှင်...'

လက္ခဏာဆရာအား ကျွန်မက လွယ်လင့်တကူနှင့် ယုံကြည်ကာ လက္ခဏာကိုပြ၊ ဆရာကဟော၊ ပထမတော့ မြှောက်မယ်၊ နောက်မှ ကျွန်မကို ခြိမ်းခြောက်ပြီး စိတ်နှလုံးကို ထိခိုက်အောင် ဟောမယ်။ အဲသည်တော့ ကျွန်မမှာ စိတ်နာရောဂါမိမယ်၊ စိတ်နာရောဂါကို ကုဖို့အခက်၊ သည်လိုဖြစ်လာရင် ဉာဏ်စစ်ပွဲမှာ ကျွန်မကျပြီး ဘုရင့်စစ်သူကြီးကောင်း ရှုံးပြီပေါ့။ သူတို့ရဲ့အယူအဆ ဘယ်ဟုတ်မလဲ။ ကျွန်မထက် ဉာဏ်ကြီးတဲ့ မှူးမတ်တွေ၊ သူဌေးသူကြွယ်တွေ ဘုရင့်အစိုးရဘက်တော်သား အများကြီးပါကဘဲ'

'မမရွှေရယ် မမရွှေပြောတော့မှ စိတ်ဝင်စားစရာ ဘယ်လိုပါလဲရှင်'

'သူတို့အရည်းဘက်တော်သားများက အသပြာလည်း ပေါတယ်ဆိုတော့ လယ်၊ ယာ၊ ကိုင်း ကျွန်းတို့က ထွက်တဲ့အသီးအနှံတွေကို ဈေးကြီးပေးဝယ်ဖို့ စီစဉ်၊ ကျွန်မကသိပြီ၊ ချက်ချင်း ကောက်ပဲသီးနှံ မရင့် သေးဘူး၊ ပင်ထောင်အဖြစ်နှင့် ဈေးကြီးပေးဝယ်ထားပြီး၊ သည်တော့ သူတို့ထက် ကျွန်မတို့က ကောက်ပဲသီးနှံ ကုန်တွေကို ရတာပေါ့'

'မမရွှေရယ် မသိလို့ မေးပါရစေဦး'

'အင်း...မေးပါ...'

'ဘုရင့်အစိုးရက သူတို့က ဈေးကြီးပေးဝယ်ပေ့၊ မရောင်းရလို့ မပညတ်နိုင်ဘူးလားရှင်...'

'ပညတ်နိုင်တာပေါ့၊ သည်လို ပညတ်နိုင်အောင် လုပ်တာလည်း သူတို့ရဲ့ဝါဒတစ်ခု၊ အဲသည်လို ပညတ်တော့မှ တောင်သူလယ်သမားများကို နှိမ် တယ်ဆိုပြီး အစိုးရကိုတောင် သူများက အကြည်ညိုမဲ့အောင်လုပ်တဲ့ သဘော'

'အော်...အရည်းများဟာ ယုတ်တယ်'

'အဲသည်လိုဝယ်ပြီး ပြည်တွင်းနိုင်ငံတွင်းမှာ ကုန်ဈေးကို ချရောင်းတော့ လူထုကိုလည်း မထိခိုက်ဘူးပေါ့'

'ခွက်ခွက်လောအောင် မရှုံးပေဘူးလားရှင်'

mgyoe.com

'အဲဒါဟာ မနက်နဲတဲ့အမြင်...'

'ဆိုစမ်းပါဦး....'

'အဲသည်ငွေတွေဟာ ဘယ်ထွက်သွားသလဲ။ ဘယ်ကိုမှမထွက်၊ ပြည်သူပြည်သားများလက်ထဲမှာ လည်နေတယ်။ ကိုင်းရှင် တိုင်းပြည်ဆင်းရဲသလား၊ ပြည်သူပြည်သားများကလည်း အခွန်တော် သူ့ထက်ငါပေးကြ၊ ဝယ်ကြချမ်းကြပေါ့ရှင်၊ အဲသည်တော့ ငွေတွေဟာ အလုပ်ရုံပိုင်ရှင်လက်ထဲရောက်...စသည်ဖြင့် ငွေဟာ လည်နေတယ်'

'ဟုတ်ကဲ့...'

'ပြီးတော့ ပုဂံကအထည်ချည်ပဲ၊ ဆီစတဲ့ ကုန်ပစ္စည်းတွေဟာ ပင်လယ်တစ်ခွင် မြပြင်စဉ်ရောက်...၊ ရေးမြို့ဟောင်း(ထားဝယ်)ဘိတ်စသည်တို့ကိုကျော်ပြီး မာလာယုတိုင်းထိအောင် သင်္ဘောသားများအားဖြင့် ရောက်သွားပါတယ်။ အဲ့သည်က ကုန်ပစ္စည်းများ၊ ရွှေနှင့် ဘော်များတို့ပါလာ၊ ပုဂံပြည်မှာဘယ် လောက်ချမ်းသာ ကြွယ်ဝမယ်ဆိုတာကို စဉ်းစားရှင်။ ဒါကို အရည်းတွေနှင့် အရည်းဘက်တော်သားတွေက သူတို့လက်ဝါးကြီးအုပ်ချင်တယ်'

'အော်...'

'ဒါကြောင့် မိရွှေကိုဖြုတ်ဖို့ ကြံစည်ကြိုးစားနေကြတာ၊ စင်စစ်လက္ခဏာဆရာဟာ အရည်းချမ်းမြေ့ရဲ့ သူလျှို...'

သူဌေးမကလေး ရွှေရွှေစွပ်ဖွဲ့သည့်အတိုင်း၊ လက္ခဏာဆရာ ဉာဏ်လင်းထိန်လည်း ဟုတ်လောက်ကောင်းဖြင့် အရည်းချမ်းမြေ့ထံသို့ ရောက်သွားပြီးလျှင် မိမိ၏ တွေ့ကြုံခဲ့ရခြင်းအကြောင်းကို ရှင်းလင်းကာ ပြောပြလေ၏။ အရည်းချမ်းမြေ့လည်း တကွေ့ကွေ့မှာတော့ တွေ့မှာပဲဟု အကြံထုတ်ကာနေလေသည်။

❐

mgyoe.com

mgyoe.com

# အခန်း [၂]

တစ်နေ့သောအခါ ပုဂံပြည့်ရှင် ပျဉ်ပြားမင်းက…သူဌေးမကလေး ရွှေရွှေ နေ့လည်အချိန်လာရောက် တွေ့ဆုံစေလိုသည်ဟု အမိန့်တော်ရှိသဖြင့် ရွှေရွှေသည် ဘုရင်မင်းမြတ်ထံသွားရောက်တွေ့ဆုံလေ၏။ ထိုအခါ ဘုရင်မင်းမြတ်၏ ညွှဲဆောင်တော်တွင် မိဖုရားကြီးနှင့် ပုရဗိုဇ်အဝတ်နှင့် သောသူတစ်ယောက်ကို ဘုရင်မင်းမြတ်နှင့်အတူ ရွှေရွှေသည် တွေ့ရလေ၏။

ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးသည် ရွှေရွှေအား မြင့်မြတ်သောနေရာကို ပြုသော်လည်း ရွှေရွှေသည် အနိမ့်အကျပြုကာ ခစားသကဲ့သို့ ရှိလေ၏။

ဘုရင်မင်းမြတ်သည် ဤသို့ မိန့်တော်မူ၏။

'ချစ်သမီး။ လူများသည် သေသည်ရှိသော် ဘဝတုံးပြီဟူသော အယူကို ချစ်သမီး သဘောကျပါ၏လော…'

'ဤအယူသည် ငါးစားဝါဒ တည်ထောင်ခြင်းဖြစ်၍ တိုင်းပြည်နိုင်ငံကို ပျက်စေသော အယူပါဘုရား'

'ဘယ့်နှယ်အရှင်ပုရဗိုဇ်…'

'ဤမိန်းကလေးသည် အမြင်ကျဉ်းမြောင်းတဲ့ အပြင် ရုပ်လက္ခဏာ

mgyoe.com

mgyoe.com


အားဖြင့် သူယုတ်မအသွင်ကို ဆောင်နေတယ်။ ချင်းစကားကို စဉ်းစားဖွယ် မဟုတ်...'

'ဟယ်သူယုတ်၊ အသင်သည် ငါ့မှာ မည်သို့သော ရုပ်လက္ခဏာကို မြင်၍ သူယုတ်မအသွင်သို့ ဆောင်နေတယ်ဆိုသလဲ။ သေချာစွာရှင်းစမ်း၊ သက်တော်စောင့် သန်လျက်စွဲများ ချက်ချင်းရောက်ကြစေ'

သက်တော်စောင့် သန်လျက်စွဲတို့သည် ရောက်လာကြ၏။

ပရဗိုဇ်ကဲ့သို့သော ထိုသူသည် စိုးစဉ်းမျှ ဣန္ဒြေမပျက်၊ မူမပျက်၊ တုန်လှုပ်ခြင်းမဲ့နှင့် ဤသို့ရဲတင်းစွာဆို၏။

'ဟယ် သူယုတ်မနင့်အဝတ်တွင်း အင်္ဂါစပ်တွင် မှဲ့နီပါနေသည်။ ဒါကြောင့် နင်ဟာ ဘီလူးမစိတ်ဝင်နေတဲ့သူယုတ်မ၊ မဟုတ်တုံလော...'

'ဟယ် သူယုတ် ငါသည် မဖောက်မပြန်သော အရှက်အကြောက်ကို သာ နားလည်သည်။ ငါသည် ငါ့အဝတ်ကို တုံးလုံးပြု၍ပြမည်၊ သင်ဆို တိုင်းမှန်က ငါသည် ပုဂံပြည်က ချက်ချင်းထွက်ခွာသွားမည်။ မဟုတ် မမှန်ချေက သင့်ပါးကို ငါစီးလာသော ဖိနပ်နှင့် သုံးချက်ချမည်၊ ဘယ့်နှယ် သဘောတူရဲ့လား စိန်ခေါ်လိုက်စမ်းပါလား'

ထိုသို့ သူဌေးမကလေးရွှေရွှေ၏ မင့်မညာပြောခြင်းကို ပရဗိုဇ်ကဲ့သို့ သော ထိုသူသည် မျက်လုံးပြူတ်ထွက်လုမတတ် စိန်းစိန်းကြီး ကြည့်နေဘိ ၏။ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးသည်ကား မည်သို့သောသဘော ကြောင့် မသိ ပြုံး၍နေ၏။

ဘုရင်မင်းမြတ်သည် ပရဗိုဇ်ကဲ့သို့သော ထိုသူနှင့် ပြဿနာသဖွယ် စကားကို ဆွေးနွေးစိစစ်ရန် ပြည်တော်တွင် ပုရောဟိတ်မှစ၍ ပညာရှိအများ ရှိပါလျက် ရွှေရွှေကို ခေါ်၍ အဘယ်ကြောင့် ထိုသူနှင့် မျက်နှာချင်းဆိုင်စေ ဘိသနည်းဟု စဉ်းစားရန် အတော်ကြပ်နေပေသည်။ ဘုရင်နှင့် မိဖုရားကြီး သည် သူဌေးမကလေး ရွှေရွှေ၏အပေါ်၌ အတော်ပင်လေးမြတ်နေဟန်တူ၍ ရွှေရွှေပြုသမျှ ဆိုသမျှ ပြောသမျှစကားကို ကြားရသောအခါ သဘောကျ နှင့်လန်းဟန်လည်း တူပေသည်။ ထိုမှတစ်ပါး ဘုရင်မင်းမြတ်သည် ဉာဏ် စစ်ပွဲကြီး၌ ရွှေရွှေသည် တော်တော်ပင် အရာရောက်သောကွယ်လွန်သွားသူ ပညာရှိကြီးတစ်ယောက်၏ သူ့ရဲကောင်းမတစ်ယောက်ဟုလည်း ယူဆပုံရ

mgyoe.com

mgyoe.com

လေသည်။

ထိုသူသည်...ရွှေရွှေကို နှိမ်နင်းသောသဘောနှင့် ဤသို့တွယ်တော့၏။

'အသင်မင်းကြီး သည်ကောင်မကား ရွှေပြည်တော်တွင် သုံးမရသော သူယုတ်မတည်း။ သူ့အသံသည် သချိုင်းကုန်း၌ ညအချိန် လူသေသားကို စားနေသော မြေခွေးတောခွေးတို့၏ ဟိန်းသံကဲ့သို့ ရှန့်ကြမ်းလွန်းသဖြင့် ကျက်သရေ အလွန်မဲ့လွန်းသောအသံဖြစ်၏။ ချင်းသည် အရှက်အကြောက် ကင်း၍ မဆိုသင့်သောစကားကို ဆိုရဲ၏။ မပြုမူသင့်သော အပြုအမူကိုလည်း ပြုရဲမည်ဖြစ်၏။ ချင်းသည် ယောက်ျားတကာတို့ သွားလာခြင်းကို ပျူပျူငှာငှာ၊ ချောင်စွာနှင့် ချိုသံသာနွဲ့လျက် ကဲသည်ထက်ကဲသော ဖာစုတ် ဖာပုပ်မကဲ့သို့ အရှက်အကြောက်ကင်းသဖြင့် အသရေတုံးလေဘိ၏။

ထိုသူယုတ်ဖာမ၏စကားကို နန်းတွင်းသို့ မဝင်စေအပ်ပေ။

သူဌေးမကလေးရွှေရွှေသည် ထိုသူ၏စကားကို ကြားရခြင်းဖြင့် ကြည့်၍ ပြုံးပြုံး ပြုံးပြုံးနှင့် ဤသို့ဆိုတော့၏။

'ဟယ်...မြတ်စွာဘုရား၏ အရေတော်ဖြစ်သည့် ဝါအရဟတ္တဓဇ တံခွန်ဖြစ်သည့် သင်္ကန်းကို အကာအကွယ်ပြုထားသည့် ယုတ်မာညစ်ညမ်း သော့သွမ်းကာ စဉ်းလဲလှသော လူပလီပတ်ချွဲ လူဆန်ကွဲ၊ အသင်သည် ငါ့အသံကို သင်္ချိုင်းကုန်း၌ မြေခွေး–တောခွေးတို့၏ ဟိန်းသံနှင့် ပုံကပ်ကာ ပြောဆိုသွား၏။

အသင်သည် ညအချိန် သင်္ချိုင်းသို့ အဘယ်ကြောင့် ဘာလုပ်ဖို့ သွားဘိသနည်း။ မီးသင်္ဂြိုဟ်ထားသည့် အလောင်းကောင်များ၏ မကြွင်းဘဲ အရိုးတွင်ကပ်နေသော အသားများကို စားစုပ်ရန် သွားသလား၊ သို့တည်း မဟုတ် အစိမ်းသေပစ်ထားသော မိန်းမများ လောလောလတ်လတ်ကို ဝိဇ္ဇာ သည် တောတွင်း၌ သူယောင်မနှင့် ပျော်ဘိသည်ဟု အရည်းများ စကားရှိ ထားဘိသကဲ့သို့ မေထုန်မှုနှင့် ပျော်မွေ့ကာ ကစားရန် သွားသလော။ ဘာ ကြောင့်သွားသလဲ ပြောစမ်း၊ သေသေချာချာ ပြောစမ်း'

ထိုသူသည် မည်ကဲ့သို့ စကားတုံ့ရမည်ဟု အကြံမရ။ ညအချိန် အသုဘကမ္မဋ္ဌာန်းရှုရန်သွားသည်ဟု ဆိုသော် ဘာကြောင့် ကမ္မဋ္ဌာန်းရှုသလဲ

mgyoe.com

mgyoe.com

ဟု မေးတော့မည်ကို သိ၏။ ထိုအမေးကို ဆီလျော်တည့်အောင် ဖြေရလျှင် လူများသည် သေသော် ဘဝတုံးသည်ဟူသော မိမိ၏အယူဝါဒသည် ပျက်ရတော့မည်ကို စဉ်းစားမိ၍ တွေကာ ရွှေရွှေကို စိုက်ခြင်းဖြင့် ငေးနေတော့၏။

ရွှေရွှေသည် ဉာဏ်စစ်ပွဲ၌ တက်စစ်ဖြစ်လာပြီကို သိ၍ ဤသို့လျှင် တုတ်တော့၏။

'ဟယ်...လူစဉ်းလဲ၊ ငါသည် နန်းနား၊ ရွှေမြို့တော်နား၊ ရွှေပြည်တော်နား၊ တိုင်းပြည်နား၊ နိုင်ငံနားနှင့် ဆန့်အောင်ပြောတတ်၍ အသင့်နားနှင့် လျော်အောင် ငါ့ရွှေဘုန်းတော်ရှင်နှင့် ခေါင်ဖုရားကို သက်သေပြုကာ ပြောနေခြင်းကို အသင်သည်မသိ၊ အသင်သည် အရုက်အကြောက်ဟူသော စကား၌ ပညတ်မှုကိုသာလျှင် နားသင့်တန်ရာ၏။ မဖောက်မပြန်သဘောနှင့် စကားကို ကြားဖူးဟန်ပင် ရှိမည်မထင်'

'ဟယ်လူစဉ်းလဲ၊ အဘယ်ကြောင့် လူတွင်အဝတ်ဆင်သ၍ ဝတ်ရသည်ကို အသင်သိသလော၊ ဥတုအားဖြင့် တွေကြုံရမည့် အပူအအေးကို ကာကွယ်သည့် သဘောနှင့် ကိုယ်နှင့် လျော်တန်သောအဝတ်ကို ဝတ်ရသည်။ ထိုမှတစ်ပါး လူ၏ ကိုယ်ခန္ဓာသည် ဝါအရွယ်ရောက်သူတို့၏ အရွယ်ရောက်ရန် ချဉ်းကပ်လာသူတို့၏ ကိုယ်ခန္ဓာသည် တိုး၍တိုး၍ စက်ဆုပ်ဖွယ် ရွံစရာအတိ ဖြစ်လာ၏။ ထိုရွံစရာကို ကာကွယ်အံ့သောငှာ အဝတ်ဝတ်ရ၏။ ထိုမှတစ်ပါး အရွယ်ရောက်လုနီး၊ အရွယ်ရောက်၊ အရွယ်ရှိမိန်းမတို့သည် အဝတ်ဝတ်ကြ၏။ ထိုဝတ်ခြင်းကား နွားသိုးသည် နွားမ၌ ရွံရှာစက်ဆုပ်ဖွယ်ကို နမ်းရှုံ၍ သွားဖြီးကာ မိုးနတ်ထင် ဘိသည့်အလား၊ အရည်းများနှင့် သူယုတ်မာများသည် မိန်းမ၏အဝတ်တွင်း၌ ရွံရှာဖွယ်ကို စက်ဆုပ်ဖွယ်ကို အမွှန်အမြတ်ဟု နှစ်သက်တပ်မက်ကြ၏'

'ဟယ်လူစဉ်းလဲ၊ နွားမသည် နွားသိုးများ၊ နွားထီးများတို့၏ ဘေးမှလွတ်အောင် တရုန်းရုန်းနှင့် ပြေးရဘိသကဲ့သို့ မိန်းမတို့သည် မပြေးရလေအောင် ထိုသူတို့၏ဘေးမှ ကာကွယ်ဟန့်တား ကွယ်ဆီးထားသည့်သဘောနှင့်လည်း အဝတ်ဝတ်ကြ၏'

'ဟယ်လူစဉ်းလဲ၊ မိန်းမယောက်ျားတို့၌ မည်သည့်အင်္ဂါအခြင်းအရာပါသည်ကို သင်သိ၏။ ဘုရင်မင်းမြတ်နှင့်ခေါင်ကြီးလည်း သိ၏။ အသင်

mgyoe.com

mgyoe.com

သည် ငါ့ကို မတော်မလျော် ယိုးစွပ်၏။ ထိုယိုးစွပ်ခြင်း၏ မဟုတ်မမှန်ခြင်း၏ သက်သေကား ထင်ရှားပြခြင်းမှတစ်ပါး အခြားမရှိ။ သက်သေမည်သည်ကား မှန်ရာမှန်ကြောင်းကို ထင်ရှားအောင် ဖော်ပြရခြင်း ဖြစ်၏။ ငါသည် အရှက်ကင်းမဲ့၍မဟုတ်၊ အကြောက်မဲ့ခြင်းကြောင့်မဟုတ် သက်သေတင်ပြခြင်းမျှသာ ဖြစ်သည်'

'ဟယ်လူစဉ်းလဲ လူတို့၌ မဖောက်မပြန်ရှက်ကြောက်ခြင်းကို အသင်မသိသလော၊ မသိသော်မှတ်လော့၊ မကောင်းမှုကို ပြုသောသူသည် အရှက်အကြောက်ကင်းမဲ့သူဖြစ်၏။

မကောင်းမှုကို ရဲရဲကြီးပြုဝံ့သောသူသည် ယုတ်မာညစ်ညမ်း၍ သာ၍ အရှက်အကြောက်ကင်းမဲ့သူ ဖြစ်၏။ အသင်သည် ဆင်ခြေတုံ့နိုင်သော်တုံ့လော့။ ငုံ့မနေနှင့်။

ထိုသူသည် မည်သို့မျှ မဝင့်သာ၍ ချင့်ကာနေသကဲ့သို့ ရှိနေဘိ၏။ ရွှေရွှေကား ထပ်၍ ဤသို့တုတ်ပြန်၏။

'ဟယ် လူစဉ်းလဲ၊ လူတို့သည် လူသေသော် ဘဝတုံးပြီး နောင်ဘဝမရှိဟု အယူရှိခဲ့လျှင် ပစ္စက္ခဘဝ၌ ကိုယ်၏ကောင်းဖို့၊ ဂုဏ်ကြီးဖို့ ထင်ရှားကျော်ကြားဖို့၊ ကောင်းစားဖို့အောင်နိုင်ဖို့ကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ကိုယ်၏အကျိုးငှာ ရဲရဲကြီးပြုဝံ့၍ ပြုတော့မည်။ ထိုအခါလောကကြီးသည် နိုင်ရာစား တိရစ္ဆာန်နိုင်ငံကို တည်ထောင်ရာရောက်၍ ထိုလောကသည် တဖြည်းဖြည်း ဆိတ်သုဉ်းလာရမည်'

'နားစိုက်လော၊ တိရစ္ဆာန်များသည် နောင်ဘဝကို အများအားဖြင့်မသိ၊ မသိ၍ နောင်ဘဝ၏အကျိုးကို မရှာတတ်။ လူများသည် သူ့အသက်ကိုမသတ်၊ သူ့ဥစ္စာကို မတရားသဖြင့် မယူ၊ ကာမဂုဏ်၌ မှားသော အကျင့်၏ထိပ်ဆုံးဖြစ်သော မိန်းမတို့၏အပေါ်၌ တရားမဲ့မေထုန်မှုကို မပြု၊ မလိမ်လည်ခြင်း၊ မုသားမပြောခြင်း၊ သူ့အကျိုးကို မဖျက်ဆီးခြင်း၊ သူ့အား မနှောင့်ယှက်ခြင်းတို့ကို မင်းပြစ်မင်းဒဏ်ကြောင့် မပြုဘဲ ရှောင်ကြဉ်နေသည်ဟု အသင်ထင်သလော။ ထိုမကောင်းမှုတို့ကို သူတစ်ပါး မသိရအောင် လျှို့ဝှက်၍ ပြုလုပ်နိုင်ပေသည်။ အသင် ငြင်းစမ်း...'

(ထိုသူသည် တွေနေ၏။)

mgyoe.com

mgyoe.com


'ထိုမှတစ်ပါး နားစိုက်လော့၊ ခိုးမှုကြီးသည်၊ ဝါဒားပြဗိုလ်ကြီးသည် ဓား၊ လှံစသော လက်နက်တို့ကို အသုံးပြု၍ အနိုင်ဆုံးဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ပြီးလျှင် သူ့အလိုသို့ပါစေလျက် သတ်လိုသောသူကို သတ်မည်။ ယူလိုသောသူတစ်ပါး၏ပစ္စည်းကိုယူမည်။ ကာမဂုဏ်၌ မှားသောအကျင့်အမျိုးမျိုးကို ကျင့်မည်။ လိမ်မည်၊ ဖြားယောင်းနိုင်သမျှ မုသားကိုသုံး၍ ဖြားယောင်းမည်။ ၎င်းကို ရှင်ဘုရင်များ ထီးဆောင်းမင်းများပြုနိုင်သည်။ ထိုအခါ လောကသည် စိုပြည်မည်လော၊ ခြောက်ကပ်မည်လော။ နေပူ၌ကျသောအစေ့အဆန်တို့ကဲ့သို့ လူတို့၌သွေ့လာမည်လော'

'ဟယ် လူစဉ်းလဲ ထပ်၍စဉ်းစားဦး။ လူတို့သည် သေသော် ဘဝတုံးပြီဟုယူဆကြသော် ကိုယ်ရေးကိုယ်တာအတွက် အနိုင်ကျင့်ကြ၍ သူတစ်ပါးအသက်ကို လျှို့ဝှက်ကာ သတ်နိုင်သမျှ သတ်ကြမည်။ သူ့ဥစ္စာကို တရားမဲ့ ယူနိုင်သမျှ လျှို့ဝှက်ကာယူကြမည်။ မိန်းမပျိုများ၊ လှပသော သူ့မယားများထံ၌ ကာမမေထုန်မှုကို ရနိုင်သောနည်းနှင့် ရသလိုယူကြတော့မည်။ ကောက်တကျစ်ဉာဏ်နှင့်ကိုယ်၏ စည်းစိမ်အတွက်ရသလို ပြုကျင့်ကြတော့မည်။ တရားသူကြီးစသော မင်းမှုထမ်းတို့သည် အဂတိလိုက်စားကြ၍ တံစိုးယူခြင်း၊ လာဘ်စားခြင်းတို့ကို လွန်ကဲစွာ ပြုကြတော့သည်။

ထိုအခါ သည်တိုင်းပြည်၏ စီမံအုပ်ချုပ်မှုသည် ထိန်းမရနိုင်ဘဲ ပျက်ပြားလာပြီးလျှင် ထိုတိုင်းပြည်၊ ထိုနိုင်ငံသည် ပျက်စီး၍ လူမျိုးပင်ပပျောက်တိမ်ကောသွားရမည်။ များသောအားဖြင့် ငရဲသည်ခြောက်စာ၊ နတ်ပြည်သည်ခြောက်စာဖြစ်စေကာမူ လူတို့သည် သံသရာနောင်ဘဝအတွက် ကောင်းသောကျင့်ဝတ်ကို ကျင့်ကြခြင်းများသည်၊ ထိုသို့ကျင့်ကြံမှ တိုင်းပြည်နိုင်ငံကို ထိန်းသိမ်းစောင့်ရှောက်၍နိုင်သည်။ ထိုသို့နိုင်မှ လောကသည် စည်ပင် ဝပြောသာယာနိုင်သည်။ အသင်ယောဂီဝတ် အသင်သည် ဘယ်လိုဆင်ခြေတုံ့တတ်မည်နည်း...'

'အကျင့်သဘောသည် တရားဟောသူ၏ အကျိုးမဟုတ် တိုင်းပြည်အကျိုးဖြစ်သည်။ အကျင့်သဘောကို ဘဝတုံးပြီနှင့် မဖျက်ဆီးသင့်...'

ထိုသူသည် ဤအမျိုးသမီးကား ပျိုမျစ်နုနယ် တင့်တယ်သော အရုပ်အဆင်းနှင့်ပြည့်စုံ၏။ ဘယ်လိုအမျိုးသနည်းဟုတွေးတောနေသကဲ့သို့ တည်

mgyoe.com

mgyoe.com
နေ၏။ ဘုရင့်နှင့်မိဖုရားကြီးကား ပြုံး၍နေ၏။ ရွှေရွှေသည် တစ်ဟုန်တည်း ငင်း၏ စစ်ကိုထိုးတော့ပြီ။

'အသင်သည် ယနေ့နံနက်စာကို ရွှေဘုန်းတော်ရှင်၏ နန်းတော်၌ စား၏။ ဘာကြောင့်စားသနည်း။ သင်၏လုပ်စာသည် ဘုရင်မင်းမြတ်ထံမှာ တစ်စိုးတစ်စိမျှမရှိချေ။ ဘုရင်မင်းမြတ် မိဖုရားကြီးသည် သင်၏ကျေးဇူးခံ ကျေးဇူးစားမဟုတ်။ သင်ဘာကြောင့် စားမျိုဘိသနည်း မြွေသည်သားကိုမျိုသကဲ့သို့ မျိုသလော။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးသည် သင့်အား နံနက်စာကို ဘာကြောင့်ကျွေးသလဲ။ သင်၏ကျေးဇူးရှိသောကြောင့် ကြောက်သောကြောင့် ကျွေးသည်ဟု ထင်သလော...'

'ဟယ်လူစဉ်းလဲ စဉ်းစားလော့၊ ဘုရင်နှင့် မိဖုရားကြီးကား သံသရာကို ရှေးရှု၍ ကောင်းမှုစိုက်ပျိုးခြင်းဖြင့် သင့်အား ပုရပိုဇ်အမှတ်ဖြင့် ဆွမ်းကျွေး၏။ သင်ကဲ့သို့သာ သေသော် ဘဝတုံးပြီဟု ယူဆချေသော် ခွေးကိုသာလျှင် ဟောင်ဟိန်းဖော်ရ၍ ကျွေးမည်။ သင့်အား နံနက်စာကို ကျွေးမည် မဟုတ်ချေ။ သင့်အယူသည် သင့်အားဆာလောင်မွတ်သိပ်ခြင်းကို ဖြစ်စေ၍ ခြောက်ကပ်သွားမည်'

'သင်သည် စာပေကျမ်းဂန်ထွန်းတောက်နေ၍ ပုဂံပြည်ကြီးဟု ထင်ရှား နေသည့် ဤပြည်နှင့် လုံးဝမတန်ချေတကား၊ တန်ချင်သော် သင့်အယူကို စွန့်လော့...'

မိဖုရားကြီးသည် ရွှေရွှေအား ချစ်သမီးတော် မယ်မယ့် အနားသို့ လာပါဟု သလွန်တော်ပေါ်သို့ ခေါ်တော့၏။ လိမ္မာသိတတ်သော ရွှေရွှေသည် မိဖုရားကြီး၏စက်တော်အောက်၌သာ ခစားကာနေလေ၏။

ထိုသူကား နေရာမှထ၍ ကောင်းကင်ခရီးကို မသုံးဘဲ လိုရာသို့ သွားလေတော့၏။ ဘုရင်မင်းမြတ်သည် ဤသို့ မိန့်တော်မူလေ၏။

'ချစ်သမီး သည်လူကို ချစ်သမီးသည် မည်သို့ထင်သနည်း...'

'ရွှေဘုန်းတော်ရှင်ဘုရား ဤသူကား ယောဂါဝစရပုဂ္ဂိုလ်များဝတ်သော အဝတ်ကိုဆင်လာသဖြင့် အရည်းတစ်ပါးပါးကျောင်းမှ ကပ္ပိယဖြစ်တန်ပါသည်ဘုရား။ သင်ချိုပင်မဟုတ်တန်ရာ'

'ဆန်းကြယ်ပါဘိ။ ချင်းသည် အဘယ်ကြောင့်... ကောင်းကင်ခရီး

mgyoe.com
ဖြင့် သွားနိုင်သနည်း။ ချင်း၌ တန်ခိုးရှိတန်ရာ၏။

'ရွှေဘုန်းတော်ရှင်ဘုရား၊ ဤသို့ဖြစ်တန်ရာပါသည်။

'အင်း...ဆိုလော့...'

'ချင်း၌ တန်ခိုးလုံးဝမရှိတန်ရာပါ။ အချည်းနှီးသောသူ ဖြစ်တန်ရာပါသည်။ အကြောင်းကား ဤသို့ဖြစ်သတတ်ပါဘုရား...'

'အင်း...'

'ကန္တာရီ၊ (ဂန္ဓာရီ)လမ်းကို လိုက်သောသူတစ်ယောက်သည် ပေါက်မြောက်သွား၏။ ထိုပုဂ္ဂိုလ်သည် အခါတစ်ပါး၌ အဝတ်အလို့ငှာ လူတို့စွန့်ပစ်သော အဝတ်များကို လိုက်လံကောက်ယူနေရပါမည်'

'ဟာ...ချစ်သမီးဘယ်သို့ဆိုတုံသနည်း'

'ကန္တာရီလမ်း ဝါလုပ်ရတ်လမ်းကို လိုက်စားသောသူသည် ပေါက်မြောက်သွားသောအခါ လူမနီးသောတောထဲ၌ နေလေ့ရှိပါသည်'

'အင်း...များသောအားဖြင့်...'

'ထိုပုဂ္ဂိုလ်သည် ရွှေဖြစ်၏။ ငွေဖြစ်၏၊ ဓာတ်လုံးများကို ပွားများနိုင်၏။ သို့သော် ဝတ်ရန်အဝတ်ပိုင်းများကိုကား မဖြစ်နိုင်၊ မတတ်နိုင်ချေ...'

'အင်း...ဟုတ်၏...'

'ထိုပေါက်မြောက်သော ပုဂ္ဂိုလ်ဝိဇ္ဇာဆိုပါတော့၊ ထိုဝိဇ္ဇာသည် အဝတ်အလို့ငှာ လူတို့စွန့်ပစ်သော အဝတ်များကို ပံ့သကူကောက်သော ရဟန်းကဲ့သို့ လိုက်လံကောက်ယူနေပါသည်'

'အိမ်ဈေး၌ ဝယ်ယူပါတော့လား...'

ဝိဇ္ဇာကား လူတို့ သုံးစွဲသော အသပြာ၊ ငွေစများကို လုပ်ကိုင်မထား။ သူထားခဲ့လျှင် ရွှေတုံး၊ ငွေခဲများကိုသာ လုပ်ကိုင်ထားပါမည်။ ထိုငွေခဲ ရွှေခဲ များနှင့် အဝတ်ဝယ်သော် မဆန့်မလျော်၊ ဝယ်ခဲ့သော် ၎င်းအား ရွှေငွေ လုပ်တတ်သူဟု လူများဝိုင်းအုံကြပေတော့မည်။ ၎င်းကို ဝိဇ္ဇာသည်မလိုလား။ ထို့ကြောင့် အဝတ်စုတ်များကို လှည့်လည်ကောက်ယူရပါမည်။

'တွေ့ဖူးသလား...'

'တစ်ခါသော် သူတောင်းစားအဆင်နှင့် လူတစ်ယောက်သည် ဘုရားကျွန်တော်မျိုးမထံ ရောက်လာ၍ သူ့အဝတ်စုတ်များကို ဖွပ်လျှော်ပြီးသော်
mgyoe.com

mgyoe.com
ဝတ်ဖြစ်အောင် ချုပ်ပေးပါဟု ဆိုပါသည်။ ကျွန်တော်မျိုးမလည်း ၎င်းအား မေးမြန်းစေ့ငုခြင်းမရှိဘဲ ၎င်းအလိုအတိုင်း ပြည့်စုံစေပြီးသော် အဝတ်စုံတစ်စုံကိုလည်း ချုပ်ထားပါသည်'

'အင်း...'

ထို့နောက် ထိုသူတောင်းစားနှင့် အဆင်တူသူသည် ရောက်လာ၍ ကျွန်တော်မျိုးမသည် ၎င်းအား အဝတ်နှစ်စုံကို ပေးအပ်လိုက်ရာ ထိုပုဂ္ဂိုလ်က သမီးဘာကိုအလိုရှိသလဲ မေးပါသည်။

'အင်း...'

'ကျွန်တော်မျိုးမက ဘာကိုမှ အလိုမရှိပါဟု ပြောရာ၊ ၎င်းက သမီး၊ ငါကား သံဝိဇ္ဇာတည်း၊ ရွှေကိုလိုသော်ရွှေပေးမည်၊ ငွေကိုလိုသော် ငွေပေးမည်၊ ဆေးကိုလိုသော် ဆေးပေးမည်၊ ကောင်းကင်ခရီးဖြင့် သွားနိုင်သော ဓာတ်လုံးကို လိုလျှင်လည်း ပေးမည်ဟု ဆိုပါသည်၊ ကျွန်တော်မျိုးမက ဘာကိုမှ မလိုဟု ငြင်းပယ်ပါသည်'

'အင်း...'

'သည်အခါ ဝိဇ္ဇာက သမီးဟာ ဘာကြောင့် ငါ့အား ဤအိတ်စုံနှစ်စုံကို ချုပ်လုပ်ပေးသလဲမေးရာ၊ ကျွန်မသည် ပြည်သူ့ဝတ္တရားအတိုင်းဆောင်ရွက်သင့်သည်ကို ဆောင်ရွက်ခြင်းမျှသာပါ ဆိုပါသည်။ ဝိဇ္ဇာကြီးလည်း ငါ့သမီးကား လူစစ်စစ်ဘဝသို့ရောက်ပြီ၊ ငါ့သမီးဘေးဘျမ်းမရှိနိုင်ရာဟု ပြောပြီးလျှင် ထွက်ခွာသွားပါသည်'

'အင်း...'

'ထိုကို စံပြု၍ ဖြစ်တန်ရာကို လျှောက်တင်ပါသည်'

'အင်း...'

'ထိုသို့အဝတ်စုတ်များကို ကောက်ယူနေစဉ် ထိုကပ္ပိယနှင့်တွေ့ရပါမည်။ ကပ္ပိယသည် ထိုဝိဇ္ဇာအား အရည်းမရှိစဉ် အရည်း၏ဖျင်ပိုင်းကိုယူ၍ ပေးလိုက်ဟန်တူပါသည်။ ထိုကပ္ပိယသည် အချည်းစီးအသွင်ပြု၍ အဝတ်စုတ် ကောက်ယူသူအား သနားသောကြောင့် ဖျင်ပိုင်းကို ပေးလိုက်ပုံတူပါသည်။ ထိုအခါ ဝိဇ္ဇာက ထိုကပ္ပိယတောင်းဆိုသည့်အတိုင်း ဓာတ်လုံးကို ကပ္ပိယအား ပေးလိုက်ပုံရပါသည်'
mgyoe.com

mgyoe.com

'အင်း...'

'ထိုဝိဇ္ဇာသည် အချည်းစီးအသွင်နှင့် ကျွန်တော်မျိုးမထံတွင် လာရောက်ပြီးသော် သူ့အတွက် အဝတ်စုံကို ချုပ်သွားပါသည်။ ထို့ကြောင့် ထိုကပ္ပိယမှာ မည်သည့်တန်ခိုးမျှမရှိ၊ ဓာတ်လုံး၏တန်ခိုးသာလျှင် ရှိပါသည်'

'အင်း...ဟုတ်တန်ကောင်းသည်။ သည်သို့ဆိုသော် ချင်းမှာ တန်ခိုးရှိရမည်မဟုတ်လော။ ချင်း၏ တန်ခိုးဖြင့်သူတစ်ပါးကို အန္တရာယ်ဖြစ်စေနိုင်မည်မဟုတ်လော'

'လူတိုင်းအပေါ်မှာ မဖြစ်စေနိုင်ပါဘုရား...'

'နက်နဲသည် ချစ်သမီးဆို...'

'ဓာတ်လုံး၊ ဓာတ်ပြာတို့သည် လက်မှုပညာအားဖြင့် လုပ်ထားသော ဓာတ်အမြုတေတစ်ခု ဖြစ်ပါသည်ဘုရား၊ စင်စစ် ဓာတ်မျှသာပါဘုရား...'

'အင်း...'

ထိုဓာတ်သည် စိတ်အားဖြင့် ဝါ အကျင့်အားဖြင့် ဖြစ်စေသော ဓာတ်အမြုတေလောက် တန်ခိုးမကြီး၍ လက်မှုဓာတ်အမြုတေသည် အကျင့်ဓာတ်အမြုတေကို မနိုင်ပါ၊ မတုဝံ့ပါဘုရား...'

'အကျင့်ဓာတ် အမြုတေကား ဘယ်သို့နည်း'

'မိမိ၏အကျိုးစီးပွားကို သို့မဟုတ် မိမိ၏ကိုယ်ရေးကိုယ်တာအတွက် မလိုလားဘဲ သူတစ်ပါး၏အကျိုးစီးပွားကို နှစ်နှစ်ကာကာဆောင်ရွက်သူ ကာမဂုဏ်မှုတို့၌ မှားသော အကျင့်ကို မကျင့်သူ ထိုသို့ အကျင့်ရှိခြင်းကို အကျင့်ဓာတ် အမြုတေဟု ခေါ်ပါသည်ဘုရား...'

'အင်း...ခေါင်ကြီးနက်နဲ၏။'

'ကာမဂုဏ်၌ မှားသောအကျင့်ကို မကျင့်ခြင်းကား အင်မတန် နက်နဲပါသည်ဘုရား...'

'ဆို ချစ်သမီး...'

'ကာမဂုဏ်မှုတို့၌ မှားသောအကျင့်ကို မကျင့်ခြင်း၌ ကာမ မေထုန်မှုကိုသာ စည်းကမ်းကလနားထား၍ မလိုက်စားခြင်းသာလျှင်မဟုတ်။ မိမိ၏ အလိုကျအောင် သူတစ်ပါး၏အကျိုး ပျက်စီးမှုကို မပြုခြင်းနှင့် သူတစ်ပါးအား ကဲ့ရဲ့သဂြိုဟ်စကားတင်းဆိုခြင်း၊ အပြစ်ဆိုခြင်းမပြုခြင်းလည်း ဖြစ်ပါသည်

mgyoe.com

ဘုရား...'

'အင်း...ပေတင်ထိုက်၏'

'ထို့ကြောင့် ရွှေဘုန်းတော်ရှင်နှင့် ခေါင်ကြီးဖုရားအား ဘယ်လိုဝိဇ္ဇာ၊ ဘယ်လို ဓာတ်တန်ခိုးရှင်တို့ကမျှ အောင်နိုင်မည် မဟုတ်ပါဘုရား'

ထိုနေ့ အချိန်ကုန်၍ ပုဂံပြည့်ရှင် ဘုရင်မင်းမြတ်သည် ရွှေရွှေကို ရထား ပေါင်းချုပ်နှင့် အိမ်တိုင်ရာရောက် လိုက်ပို့စေလေသည်။ ရွှေရွှေသည် အိမ်သို့ရောက်လတ်သော် မျက်နှာညှိုးငယ်နှင့်နေသော နွဲ့နွဲ့ဆိုသည့်မိန်းမပျို ငယ်ကို တွေ့ရလေ၏။

'အနွဲ့ရောက်နေတာ ကြာပြီလား...'

'နည်းနည်းတော့ ကြာသွားပါပြီ၊ ဒေါ်ဒေါ်ညက်က မမရွှေ နန်းတော်ကြီးက ခေါ်သွားတယ်၊ အရေးတော့မရှိပါဘူး၊ မကြာမီပင် ပြန်လာပါလိမ့်မယ်ဆိုတာနှင့် စောင့်နေပါတယ်။

'အနွဲ့မျက်နှာလည်း မသာပါလား။ ဘာကိစ္စလဲ၊ ဘာများအကြောင်း ထူးလာသလဲ'

'မမရွှေ အနွဲ့ကို ကယ်ပါ...'

'ပြောပါဦး၊ ဘာအကြောင်းထူးလာသလဲ'

'မမရွှေရဲ့ ကျွန်မရဲ့ သဘောက ညောင်ဦးက သူကြွယ် ဦးကောင်း ညွန့်ထံမှာ အသပြာနှစ်သောင်း ချေးယူပါတယ်။ အဲသည်လို ချေးယူတဲ့ အခါက အတိုးအညွန့်နှင့် ငွေရင်းကို ပြန်မဆပ်နိုင်ရင် အိမ်ခြံ၊ ဝင်း၊ မြေနှင့် ရှိပစ္စည်းအားလုံးကို ဦးကောင်းညွန့်ထံ အပ်ရမယ်လို့ ပုရပိုက်တွင် စာတမ်း ပြုထားရပါတယ်...'

'အင်း...ဆိုပါဦး...'

'အဲသည်လို ငွေယူလှယ်တာလည်း ဦးကောင်းညွန့်က ယူပါယူပါနှင့် အတန်တန်ဆိုလို့ အဖေကယူမိတယ်...။ ကျွန်မတို့ကလည်း အဖေ့အား မယူရန် တားကြပါတယ်။ ဒါပေမဲ့အကြောင်းဆိုက်လာတော့ အဖေကလည်း ဇွတ်ယူတာပဲ"

'ဆိုစမ်းပါဦး...'

'အဲသည်ငွေနှစ်သောင်းကို ကမ်းယံပြည်သို့ ကုန်ရောင်းသွားရာမှာ

mgyoe.com

mgyoe.com

အသုံးပြုပါတယ်။ သည်အခေါက်မှာ ချည်နှင့်စောင်ကို များများကြီးယူတော့ ငွေကတော့လိုတာပေါ့။ ကျွန်မတို့ ကုန်သည်ဆိုတော့ မမရွှေသိတဲ့အတိုင်း ငွေဟာပိုတယ်မရှိပါ...'

'ဟုတ်တယ်လေ...'

'ဒါနှင့်...ကမ်းယံပြည်သို့ နွားဝန်တင်များစွာနှင့်သွားပြီး ကုန်များကို ရောင်း၊ ကမ်းယံပြည်က ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်စသည်တို့ကို ဝယ်ပြီး ပြန်လာကြရာ၊ အမ်းစခန်းမှာ သူခိုးများအဖွဲ့နှင့်တွေ့လို့ နွားဝန်တင်များရော၊ ကုန်ပစ္စည်းငွေတို့ကိုပါ ယူသွားသတဲ့။ ဒါကို စကားပြန်နှစ်ယောက်ကလာပြီး ပြောပါတယ်...'

'အင်း...'

'သည်အကြောင်းကို ကျွန်မတို့ထက် အရင်ဦးကောင်းညွန့်က သိနှင့် သလိုပဲ၊မောင်ဘိုးဆိတ်ရဲ့ နွားဝန်တင်များကို သူခိုးများက အမ်းစခန်းတွင် ဖမ်းသွားသလို ကြားတယ်လို့ ရိသဲ့သဲ့စကားရောက်စေပါတယ်...'

'အင်း အခုဘာဖြစ်နေလဲ'

'စကားပြန် လွှတ်လိုက်တဲ့လူများ ပြန်ရောက်လို့ သုံးရက်အကြာမှာ ဦးကောင်းညွန့်က သူ့ငွေများကို အကြေဆပ်ရမယ်လို့ လာပြီးတောင်းတယ်...၊ အဖေကလည်း ပစ္စည်းကိုထုခွဲပြီး ဆပ်နိုင်သလောက် ဆပ်ပါ့မယ်ဆိုတယ်။ ဦးကောင်းညွန့်က အကြေမဆပ်ချင်ရင် အန္တနှင့်သူ့သားမောင်မြူးကို ပေးစားရမတဲ့...'

'အလို...ဆန်းလှပါကလား...'

'ဒါကြောင့် ကယ်ပါ မမရွှေရယ်...'

'ကယ်စရာမလိုပါလား၊ ဦးကောင်းညွန့်ကိုလည်း မိရွှေဟာ မကျွမ်း ပေမယ့် သိပါတယ်။ သူဟာလည်း အန္တတို့လို အရည်းဂိုဏ်းသားပဲ မဟုတ် လား...'

'ဟုတ်ပါတယ်...'

'အဲသည်တော့ အရည်းဆရာများနှင့်ပဲ ဆုံးဖြတ်ပေါ့...'

'မမရွှေရယ် အရည်းဆရာများထံရောက်လို့၊ အရည်းဂိုဏ်းချုပ်ကြီး ဦးချမ်းမြေ့ကပင် ဒကာကောင်းညွန့်တောင်းဆိုတာဟာ တရားနည်းလမ်း

mgyoe.com

mgyoe.com
ကျတယ်။ အရည်းဂိုဏ်းသဘောနှင့်လည်း ညီညွတ်တယ်လို့ ဆုံးဖြတ်ပါတယ်'

'အော် သည်လိုဆိုရင်လည်း ကိုမြူးဟာလည်း ယောကျ်ားပဲ လက်ထပ်လိုက်ရုံပေါ့...'

'အို...သူနှင့်ကိုလက်မထပ်ချင်ပါ...'

'ယောကျ်ားချင်းအတူတူ...၊ တစ်ယောက်ထက်တစ်ယောက် ပိုပြီး အရသာထူးမယ်မဟုတ်ပါ။ ထူးမခြားနားနေမှာပါ...'

'မမရွှေကလည်း...'

'အနွဲ့ မိရွှေအကုန်သိ၊ အရည်းထံက အနွဲ့ရတဲ့အရသာထက် မောင်မြူးရဲ့ထံက ရမယ့်အရသာဟာ ညံ့မယ်မဟုတ်ပါ'

'ဉာဏ်များပြီး၊ တင်စီးတယ်ထင်လို့ပါ မမရွှေရယ်'

'ကိုင်း ကိုင်း ပြောစမ်းပါဦး...'

'ဦးကောင်းညွန့်က အရင်ကပဲ အဖေ့ထံလာပြီး အနွဲ့ကို သူ့သားနှင့် လက်ထပ်ရန် လာတောင်းပါတယ်...

'အော်...'

'သည်တော့ မိနွဲ့ကပဲ မောင်မြူးလိုလူကို မမြင်ဘူးဆိုကာ ငြင်းပယ်လိုက်ပါတယ်'

'ဒါဟာ အနွဲ့လွဲတယ်...'

'ဘာကြောင့်လဲ မမရွှေရယ်...'

'မောင်မြူးဟာ အရည်းထက် အရုပ်ဆိုးလို့လား၊ ဒါမှမဟုတ် အရည်းက မောင်မြူးထက် ဘာသာသလဲ။ မောင်မြူးဟာလူပျိုပါလား...'

"မမရွှေကလည်း သူ့ကိုယူရင် သူနှင့်ပေါင်းနေရမယ်'

'သာပြီးမကောင်းဘူးလား၊ ကိုအမြဲ ဖိမ်ယစ်နေရမှာ...'

'မမရွှေရယ် သည်လိုလူပေါ်လူစီးတာကို မခံချင်လို့ပါ...'

'ပြောလိုက်ရော့မယ်၊ မိန်းမဆိုတာ သဘာဝကိုက အစီးခံရတယ်။ ယောကျ်ားဆိုတာ စီးမှာချည်းပဲ၊ ကိုင်းလေ သည်လို...'

'ဟုတ်ကဲ့...'

'အနွဲ့ကိုယ်တိုင် ဦးကောင်းညွန့်ထံသွားပြီးကြည့်ခဲ့၊ ပုရပိုက်မှာ ဘယ်လို
mgyoe.com

mgyoe.com

ရေးထားတယ်လို့ ငွေပေါင်းဘယ်လောက်၊ အတိုးအရင်း ဘယ်လောက်ကျ သလဲဆိုတာကို သေချာစွာ မှတ်သားခဲ့ပေါ့'

'ဟုတ်ကဲ့..'

'ထိုသို့ပြောဆို၍ နွဲ့နွဲ့သည် ပြန်သွားလေ၏။

နွဲ့နွဲ့နှင့်ရွှေရွှေကား မိန်းမဆိုသော သဘာဝချင်းတူစေကာမူ သဘော တရားခြင်းကား ကျောချင်းကပ်ပင် ဖြစ်နေပေသည်။ နွဲ့နွဲ့သည် အရည်းဂိုဏ်း ဝင်ဖြစ်၍၊ ရွှေရွှေသည် အရည်းများ၏ ကြောင်လက်သည်းဝှက် ကာမမေထုန် မှု၌ နွဲ့နွဲ့သည် ခိုးကြောင်ခိုးဝှက်လုပ်သည်ကို သိသဖြင့် အလွန်စက်ဆုပ် ပေသည်။

ထိုသဘော၌ကား ရွှေရွှေကိုယ်တိုင်ပင်လျှင် သူဌေးမကလေး ဥစ္စာ ပေါ၊ ရုပ်ချောဖြစ်နေပါလျက် ခေတ်မမီဘဲ ခေတ်နောက်ကျနေရှာသလား။ ပုဂံခေတ်မှာ အစကပင် သူဌေးသူကြွယ် လူကုံထံတို့ပေါ၍ ထိုလူကုံထံတို့၏ သမီးပျိုကလေးများသည် သူ့ထက်ငါ အရည်းကျောင်းတော်သို့ လှူဖွယ် တန်းရာတို့နှင့် ရောက်ကြ၍ ရုပ်ချောအရည်းဆရာ၊ လောကအလိုက် စရိုက်ကိုကြည့်၍ ပေါင်းသင်းနေထိုင်တတ်သော အရည်းဆရာတို့၏ကျောင်း များ၌ လာဘ်မိုးစွေသကဲ့သို့ ဖြစ်နေပေသည်။

သီရိပစ္စယာခေတ်၊ တမ္ပဝတီခေတ် အစတို့၌ အရည်းတို့သည် ကာမ မေထုန်အလှူခံမှုကို ထင်ထင်ရှားရှား ရဲရဲရင့်ရင့်ပြုခဲ့ကြသော်လည်း တမ္ပဝတီခေတ်အလယ်လောက်ကစ၍ အရည်းတို့သည် ဘုရင့်အစိုးရ၏မှုကို မတိုက်ခိုက်နိုင်သဖြင့် မိမိတို့၏မှုကို ကြောင်လက်သည်းဝှက်ပြုကာ နေထိုင်လာ ကြလေသည်။ ထို့ကြောင့် အရည်းတို့သည် သိပ်သိပ်သည်းသည်းနှင့်နေ လာကြ၍ တိုင်းပြည်ဆရာများပင် ဖြစ်လာကြသည်အတိုင်း အစိုးရ၏ အမတ်များအချို့ပင် အရည်းများကို ယုံကြည်လေးစားကြ၍ ထိုအရည်း များ၏စွမ်းရည်အားဖြင့်ပင် ပုဂံတိုင်းပြည်ကြီးဟု အမြင့်အထင်၌ ထင်ရှား လာလေတော့ပြီ...။

လောလောဆယ် သူဌေးမကလေး ရွှေရွှေ၌ တွေ့ရသည်ကား အတော် ပင် ကြီးလေးသယောင်ဖြစ်နေပေသည်။ ရွှေရွှေသည် နွဲ့နွဲ့နှင့် တွေ့ရပြီးနောက် နွဲ့နွဲ့သည် သူ့ထံသို့ ငွေလိုသောကြောင့်လာသည်ဟု ရိုးသားသော သဘောနှင့်

mgyoe.com

mgyoe.com

ထင်စရာဖြစ်၏။

နွဲ့နွဲ့၏အဖေသည် အရည်းများ၏လက်ရင်းထားသော ကုန်သည်ကြီး တစ်ယောက်ဖြစ်သည့်ပြင် အရည်းများက ရွှေရွှေကို နိမ့်သွားအောင်နှိမ့်ရာ၌ အတော်ပင်ကူညီအားပေးကာ လုံ့လစိုက်ထုတ်ခဲ့သူဖြစ်သည်။ ရွှေရွှေသည် အရွယ်နှင့်မလိုက်ဆိုရလောက်အောင် ဘုရင့်ဘက်တော်သားအဖြစ်ဖြင့် ဉာဏ်စစ်ကစားနေရပေသည်။ ထို့ကြောင့် နွဲ့နွဲ့၏လာရောက်၍ အကူအညီ တောင်းခြင်းကိုလည်း ရွှေရွှေသည် ခပ်နက်နက်ပင် သတိထားဟန်ရှိပေ သည်။

သို့လင့်ကစား ရွှေရွှေသည် အေးအေးလူလူပင် အကြောင့်ကျမဲ့ နေသည်တွင် ဘုရင့်နန်းတော်မှ ညညီလာခံဝင်ရန် အမိန့်တော်ကို ရရှိလေ၏။

ရွှေရွှေသည် ညစာစားပြီးနောက် သူခိုးကြီးမောင်မွမ်းနှင့် သူခိုးကြီး ငတက်ခါးကို အဖော်ပြုပြီးလျှင် ဘုရင့်ညညီလာခံသို့ တက်လေ၏။

ဘုရင်မင်းမြတ်သည် ညညီလာခံ၌ ဆွေးနွေးသည့်သဘော ဤသို့ စကားစတော်မူလေ၏။

'ချစ်သမီး ပရဗိုဇ်ယောင်၊ နေ့ခင်းက သူသည် အဘယ်သဘောနှင့် ငါ့ထံဝင်ရောက် ဆွဲဆောင်သလဲ။ အရည်းများရဲ့ ဉာဏ်လား၊ ငါ့အစိုးရအဖွဲ့ ပါလင်းရအောင် ရှင်းစမ်းသမီးတော်...'

'ဘုရားကျွန်တော်မျိုးမလည်း ဤပရဗိုဇ်ယောင်ကို အစမှာ အရည်း များရဲ့ ဉာဏ်ပင်ထင်ပါသည်။ နောက်စကားပြောသောအခါ အလကားလူ နဝေတိမ်တောင်မှန်းသိရပါသည်ဘုရား...'

'သူ ဘာကြောင့် ငါ့ထံ ဝင်ရောက်ပြီး၊ ငါသူ့အယူသို့ပါအောင် ဆွဲ ဆောင်ရသလဲ...'

'ထိုသူသည် သူ၏ထင်မြင်ယူဆချက်ကိုသာ ပြောဟန်တူပါသည်။ ထိုသို့ပြောခြင်းဖြင့် ရွှေဘုန်းတော်ရှင်သည် ချင်းအား ပညာရှိဟု ယူဆတော်မူစေလိုဟန်ရှိပါသည်။ ရွှေဘုန်းတော်ရှင်က ချင်းအား ပညာရှိဟု နှစ်သက်တော်မူသော် လူဝတ်ပြု၍ ပညာရှိအဖွဲ့တွင် သူလည်းတစ်ယောက်ဟု ပါဝင်ထင်ရှားကာ ဂုဏ်မြင့်စေလိုခြင်းကြောင့်ပါဘုရား'

'သူဟာ ထူးဆန်းသော သည်အယူကို ဘာကြောင့် ဘယ်လိုနှင့်ယူဆ

mgyoe.com

mgyoe.com


သလဲ...'

'သူသည် ဝိဇ္ဇာထံမှ ဓာတ်လုံးကို ရရှိသူဖြစ်ပါသည်။ အဘယ်ကြောင့် ရရှိသနည်း။ သူ့မှာ သူတစ်ထူးကို သနားကြင်နာတတ်သော စိတ်ရှိပါသည်။ ထိုစိတ်ကြောင့်ပင် ကျင့်သည်အတိုင်း ထိုအကျင့်အားလျော်စွာ ထိုဓာတ်လုံးကိုရရှိပါသည်ဘုရား...'

'ချင်းဟာ သူတစ်ထူးကို အဘယ်မျှလောက်ပင် သနားကြင်နာတတ်သလဲ။ သနားကြင်နာခြင်းကြောင့် ဘယ်လိုကျင့်သလဲ...'

'ထိုသူနှင့် တွေ့ဆိုင်စကားပြောရခြင်းဖြင့် သိရသည်မှာ သူသည် ကျမ်းဂန်ကို မတတ်မသိပါ...။ အရည်းကျောင်းတွင် ကပ်နေသော်လည်း စာကိုပင် ကောင်းစွာတတ်ဟန်မရှိပါ။ သို့သော် ဘဝက အထုံအားဖြင့် သူတစ်ထူး အားသနားတတ်သည်သဘောရှိ၍ ကျင့်သုံးပါသည်'

'အင်း...'

'သူသည် အရည်းများထံမှရှိသော ရွှေငွေများကို ကဲ့ဝှက်ကာ သိုထားပြီးသော် ယူငင်၍ ဆင်းရဲသူများအား တန်သလိုထောက်ပံ့ပါသည်။ အရည်းများစားကြွင်းကို သူ့ချည်းမစားပါ။ အခြားဆင်းရဲသူများနှင့် ဝေငှစားပါသည်။ သူတောင်းစားများသည် သူ့ထံ ဝိုင်းအုံနေပါသည်။ ခွေးများသည် သူ့ကို ခင်ကြပါသည်။ ထိုသဘောကို အရည်းများသည် ချမ်းသာကောင်းစားသူများကိုသာ မျက်နှာမူနေကြသဖြင့် မကြိုက်ပါ။ သို့သော် ကပ္ပိယလို၍ သူ့ကို အသုံးပြုနေကြရပါသည်။

'အင်း...'

ထိုသူသည် သူ၏အကျင့်အားဖြင့် ဝိဇ္ဇာထံမှ ဓာတ်လုံးကိုရသော် အရည်းများ၏ထံ၌ မနေတော့ဘဲ ထွက်ခွာသွား၍ ပျင်းရိသဖြင့် ခြေလက်ကိုပင် မလှုပ်ရှားနေသောအရည်းတို့သည် လူမွေးခြင်းအားဖြင့် ၎င်းတို့မှာ အခိုင်းအစေကိုရစိမ့်သောငှာ စာသင်ပေးသည်ဟု ပြည်သူများ သားသမီးများကို စာသင်ပေးပြီးသော် လူမွေးပါသည် ဤသည်လည်း တိုင်းပြည့်အန္တရာယ်တစ်ခု ဖြစ်ပါသည်ဘုရား...'

'အင်း...'

'ထိုသူသည် ၎င်း၏ဓာတ်လုံးနှင့် လုံကျင်းခြင်းဖြင့်ဖြစ်သော ရွှေငွေ

mgyoe.com

mgyoe.com

တို့ကို ဆင်းရဲသော ဇနပုဒ်သားတို့အား မစ၍ သူ့မှာ ဝမ်းစာအတွက် ကောင်းစွာ အထောက်အပံ့ရနေပါသည်။ သူ့ကိုယ်သူ ဝိဇ္ဇာဟု ထင်စေပြီး လျှင် ဇနပုဒ်သားများကို လှည့်စားကာနေပါသည်။

'အင်း

'သူသည် တောဌ် တောရိပ်သာ ပြုပြီးသော် အနေများရာ၊ တော တိရစ္ဆာန်များကိုရှုသည်။ အထီးအမရှိ၍ တိရစ္ဆာန်ပေါက်ဖွားသည်။ အနိုင်ဆုံးသော တိရစ္ဆာန်သည် ဗိုလ်ဖြစ်သည်။ ဗိုလ်သည် မင်းပင်တည်း။ ထိုတိရစ္ဆာန်တို့ သေသော် ဘဝဆုံးပြီဟု ကျမ်းဂန်မတတ်သဖြင့် ယူဆသည်။

'အင်း...'

ထိုအယူမှ တစ်ဆင့်တက်၍ လူမှာလည်း ယောကျ်ားမိန်းမရှိလျှင် လူပေါက်ပွားမည်ဟု သူယူဆသည်။ သူ့မှာ သူ့အကျင့်ကြောင့် တန်ခိုး အနည်းငယ်ရှိလာသည်။ ထိုတန်ခိုးကား လူတစ်ယောက်ကို လှည့်စား၍ ထင်စေ မြင်စေနိုင်သည်။ သို့သော် သူ့အကျင့်ထက် မြတ်သောအကျင့်ရှိသူကို ကား မတတ်နိုင်ပေ။

'အင်း...'

မိရွှေသည် အားသောအခါ ဇနပုဒ်သို့ လှည့်လည်၍လည်းကောင်း၊ တောလက် ကျေးရွာများသို့လည်းကောင်း ရောက်သောအခါ သူတို့ မှုပြောင်းနေသည်ကို တွေ့ရပါသည်။ ပြောဟောသည်ကိုပင် အားနာ၍ နားထောင်ကြသည်။ မနာယူကြပါ၊ ဇနပုဒ်သားများ၊ တောလက်ကျေးရွာ သားများအချို့သည် ငွေတိုးယူလာကြသည်။ ကောက်ပဲသီးနှံဈေးများကို မြှင့်တင်ယူလာကြသည်။ အမြတ်ကြီးစားလာကြသည်။ ထိုသို့ပြု၍ ကိုယ် ကောင်းစံ ဖြစ်လာကြသည်။ ထိုသူတို့သည် သူတို့၏ထံမှ အရည်းများကို မောင်းထုတ်ကြသည်။

'အင်း...ဆိုပါ...'

'ကျွန်တော်မျိုးမသည် ယင်းကဲ့သို့ အဘယ်ကြောင့် ဇနပုဒ်၌လည်း ကောင်း၊ တောလက်ကျေးရွာများ၌လည်းကောင်း၊ မားမားမတ်မတ် ရှေ့ ဆောင်များသည် အဘယ်ကြောင့်မှု ပြောင်းလာရဘိသနည်းဟု စိစစ်သော် လည်း မတွေ့မသိပါ။ ယနေ့မှ ရွှေဘုန်းတော်ရှင် ခြေတော်ရင်းတွင် တိုင်းပြည်

mgyoe.com

mgyoe.com

ကံကောင်းသေးသောကြောင့် ထိုသူကို မိရွှေတွေ့ရပါသည်။ တွေ့ရသဖြင့် နှိမ်နင်းကာ သူ့ကို ထွက်ပြေးစေပါသည်။ သူသည် ကုန်သည်တစ်စုကို အနိုင်ကျင့်စေပြီးသော် ရောက်လာဟန်တူပါသည်။

'အင်း...'

'သူ၏အယူသည်...အလွန့်အလွန် ကြောက်စရာကောင်းလှသော တိုင်းပြည်၏ ဘေးအန္တရာယ်ကြီးဖြစ်ပါသည်။

'အင်း...ဆို'

'တိုင်းသူပြည်သားတို့သည် အချင်းချင်း နိုင်ရာစား၊ နိုင်သလို ပြုကြတော့မည်ဖြစ်သဖြင့် သစ္စာမဲ့ကြပြီးသော် ကောင်းစားသူများ အလွန်အကျွံ ကောင်းစား၍ ဆင်းရဲသူများမှာ တိရစ္ဆာန်အခြေအနေသို့ ရောက်လုမတတ် တွေ့ရပါမည်။ ထိုအယူသည် မင်းမှုထမ်း၊ နန်းတွင်းများတို့သို့ ဝင်ရောက် ခြေကုပ်ရသွားချေသော် သစ္စာမဲ့ခြင်းကို ဦးလေးဖွယ်ရာ မရှိတော့သဖြင့် စိုးရိမ်ဖွယ်ရာပင် ရှိပါသည်ဘုရား'

'လူများမှာ အမြင်ကျဉ်း၍ မိရိုးဖလာ အစဉ်အဆက်အားဖြင့်သာ နေလာခဲ့ကြသဖြင့် အကြောင်းအကျိုးကို မရှာဖွေတတ်။ ကျမ်းဂန်ကို မလေ့လာ၊ အပျော်စည်းစိမ်များတို့သို့သာ ဦးတည်နေ၍ အာရုံခြောက်ပါးကြောင့် အတွေဖြစ်၊ အတွေကြောင့် ခံစားခြင်းဖြစ်၊ ခံစားခြင်းကြောင့် တပ်မက်ခြင်းဖြစ်၊ တပ်မက်ခြင်းကြောင့် စွဲလမ်းသော အာရုံအားဖြင့် နောင်ဘဝဖြစ်သည်ကို အသိဉာဏ်နှင့် မြင်နိုင်ဖို့ ခဲယဉ်းလှပါသည်ဘုရား'

'အင်း...ထိုသဘောသည် အရည်းများအား အထောက်အပံ့ဖြစ်နေမလား'

'အရည်းများအား ရှေးဦးစွာ ထိပါမည်။ ယခု ဇနပုဒ်၌ အရည်းများ ဟောသောတရားသည် သူတို့၏ ဝမ်းစာအတွက် ခြောက်စကားနှင့် မြှောက်စကားမျှသာ ဖြစ်သည်။ ဘာမှမဟုတ် ကိုယ်စားသာအောင်၊ ကိုယ်ကောင်းအောင်သာလုပ်၊ ဒါမှ လူရေးလှသည်ဟု ဖြစ်နေပါပြီဘုရား'

'ထိုသူကို ဘယ်လိုဟန့်တားမလဲ'

'ထိုသူအား ထိုသူ၏ သဘောတရားဝင်များအား ဦးစားမပေးခြင်းနှင့် အရေးအရာမသွင်းဘဲ ထားခဲ့သော် နှမ်းထဲတွင် ရောနေသော သဲကို ကြဉ်၍

mgyoe.com

mgyoe.com

ရနိုင်ဘိသကဲ့သို့ ရရာရကြောင်းကို ကြံဆနေပါသည်ဘုရား'

ဘုရင်မင်းမြတ်၏ ထိုညညီလာခံသည် ထိုမျှနှင့်ပင် အချိန်ညောင်းသွားသဖြင့် ရွှေရွှေသည် ကိုမွမ်း၊ ကိုတက်ခါးတို့နှင့် ရထားစီးကာ ပြန်ကြလေ၏။ ရွှေရွှေသည် အိမ်သို့ရောက်သော် ကိုမွမ်း၊ ကိုတက်ခါးတို့နှင့် တိုင်ပင်ရာရာတို့ကို တိုင်ပင်ပြီးလျှင် လူချင်းခွဲကြလေ၏။

သူဌေးမကလေး ရွှေရွှေကို ဘုရင်မြတ်နှင့် မိဖုရားကြီးသည် အရေးအရာထားပုံရ၏။ အဘယ်ကြောင့်ဟု စေ့ငုဖွယ်ရှိနေပေသည်။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့၏ စာသင်ဆရာ ဦးတက်တိုး၏ထံတွင် ရွှေရွှေသည် ကြက်တောမောင်မောင်မြင့်တို့နှင့်အတူ စာပေကျမ်းဂန်အရပ်ရပ်ကို သင်ကြားခံယူသူ ဖြစ်လေသည်။ မင်းဆရာဖြောက်သော ဦးတက်တိုးသည် ဘဝကူးခါနီးသောအခါ အိမ်ရှေ့မင်းသား ခဲလောက်နှင့် (ပျူဉ်းပြားမင်းသား) အိမ်ရှေ့မိဖုရားတို့အား ရွှေရွှေကို အရေးပေးလေ တိုင်းပြည်စည်ပင် သာယာဝပြော၍ အသက်ရှည်လတ့်ဟု မှာကြားခဲ့လေသည်။

နောက်တစ်နေ့သော် ရွှေရွှေသည် ၎င်း၏ကျမျှားတွင် အလုပ်လုပ်နေသောသူများနှင့် ရောပြီးလျှင် အလုပ်ခွင်၌ ရှိနေစဉ် နွဲ့နွဲ့သည် ရောက်လာ၏။ ထိုအခါ ရွှေရွှေသည် ၎င်း၏ဧည့်နေရာသို့ ခေါ်သွားပြီးလျှင် ဤသို့ပြောဆိုနေကြလေ၏။

'ဦးကောင်းညွှန့်ထံ ရောက်ခဲ့ပြီလား...'

'ရောက်ခဲ့ပြီး ပုရပိုက်ကိုကြည့်ခဲ့ပါပြီ...'

'ဘယ်လိုတွေ့သလဲ...'

'ကုန်သည်ဦးပြုံးသည် ညောင်ဦးသူဌေး ဦးကောင်းညွှန့်ထံမှ အသပြာနှစ်သောင်းကို အတိုးငွေ ငါးထောင်ပြု၍ ချေးယူပါသည်။ ထိုအတိုးအရင်းပါငွေများကို ကမ်းယံပြည်မှ နွားဝန်တင်များ ပြန်ရောက်လာလျှင် လာခြင်း၊ အကြေဆပ်ပေးပါမည်။ မပေးမချေနိုင်က အိမ်ရှိပစ္စည်းအိမ်နှင့်တကွ ဝင်းခြံ၊ ဝင်းခြံအတွင်းရှိ အဆောက်အဦပစ္စည်းတို့ကို ဂျွန်တော်ဦးပြုံးက ဦးကောင်းညွှန့်ထံ အပ်ပါမည်လို့ တွေ့ခဲ့ရပါတယ်'

'ကောင်းပြီ၊ နက်ဖြန် ဦးကောင်းညွှန့်ကို နွဲ့နွဲ့တို့ရဲ့ အိမ်သို့ ဖိတ်ပါ။ ရောက်သော် မိရွှေကို လာခေါ်ပါ'

mgyoe.com

mgyoe.com

'ဟုတ်ကဲ့...'

'အနွဲ့နော် တစ်ခုစဉ်းစား၊ အနွဲ့ကို မိရွှေက ချစ်လို့ပြောတာ။ မိရွှေက အနွဲ့အား ချစ်တယ်ဆိုတာကို ယုံရဲ့လား၊ အနွဲ့သာ ယောကျ်ားဆိုရင် မိရွှေဟာ အနွဲ့ကိုယူမှာပဲ။ မိရွှေယောကျ်ားဆိုရင်လည်း အနွဲ့ကိုမရ အရယူမှာပဲ'

'ယုံပါတယ်၊ အနွဲ့ကလည်း မမရွှေကိုချစ်ပြီး အားကိုးပါတယ်...'

'ဟုတ်ပြီ အနွဲ့ရယ်၊ ကိုမြူးနှင့်လက်ထပ်လိုက်ရင် အနွဲ့တို့ တွေ့ရတဲ့ ကိစ္စဟာ အေးသွားမှာပဲ။ အရည်းဂိုဏ်းသားချင်းပါကလား...'

'မမရွှေရယ်၊ သူနှင့်ကို လက်မထပ်လိုပါ'

'ဘာကြောင့်လဲ အနွဲ့ရယ်၊ ကိုမြူးဟာလည်း အနွဲ့လိုတဲ့ရသာစည်းစိမ်ကို မြိန်စေနိုင်မှာပါ။ အရည်းကတောင် မြိန်နိုင်စေသေးတာပဲ'

'ဒါတော့ မမရွှေရယ် အရည်းဆရာက လက်ဦးလက်ဖျားပါကလား။ အရည်းဆရာတော်နှင့်နှိုင်းလို့ မဖြစ်ပါဘူး...'

'သည်လိုလေအနွဲ့၊ ထမင်းစားတော့ ဟင်းချိုရေကို အရင်သောက်စမ်းသေးတာများ ကြုပါတယ်။ ပြီးတော့မှ ဟင်းကောင်း၊ ငါးပိချက်ဆိုတာတွေကို သဘောရှိပဲ မဟုတ်လား...'

'မမရွှေကလည်း ကိုမြူးဟာ လူယုတ် လူရမ်းရှင့်'

'ပြောစမ်းပါဦး အနွဲ့ရယ်'

'သူတို့အလုပ်ရုံထဲမှာရှိတဲ့ မိန်းကလေးလှလှချောချောဆိုရင် သူနှင့်လွတ်တာ ရှားသတဲ့ရှင့်...'

'ဒါဟာ သူပြော လူပြောပါ။ မှားချင်လည်း မှားမယ်၊ မှန်ချင်လည်း မှန်မယ်၊ အနွဲ့ပြောတာ ဟုတ်တယ်ထား။ လှည်းမကျင့်ရသေးတဲ့နွားနှင့် ကျင့်ပြီး အသားကျနွားကို လှည်းတပ်စီးရင် ဘယ်နွားက စီးလို့ ဖိမ်ရှိမလဲအနွဲ့ရယ်။ ကတည်း အိစက် ညက်ညောတယ် ဖြစ်မနေပေဘူးလား...'

'မမရွှေကလည်း...'

'ဒါဖြင့် အနွဲ့မယူရင် ကိုမြူးကို မိရွှေက ယူလိုက်မယ်လေ...'

'ဒီလိုတော့လည်း မမရွှေနှင့် အနွဲ့က သဘောတူပေါင်။ ဘာကြောင့်လဲ ဆိုရင် မမရွှေနှင့် သည်လိုလူဟာ တန့်ကိုမတန်...'

ရွှေရွှေသည် စိုအိဝဖြိုးသော နွဲ့နွဲ့၏ပေါင်ကလေးကိုဖိပြီးလျှင် အားရ

mgyoe.com

ပါးရ ရယ်ပြီးနောက် နွဲ့နွဲ့အား ဦးကောင်းညွန့်နဲ့ ချိန်းဆိုပါ။ သူတို့လာမယ့် အချိန်ကို ရွှေ့ထံအကြောင်းကြားလိုက်တာပေါ့ဆိုကာ နွဲ့နွဲ့ကို ပြန်လွှတ်လိုက်လေ၏။

ရွှေရွှေသည် ဆန်းကြယ်သောသဘောကို ပြုမူရာရောက်မည်လား။ ၎င်းသည် နွဲ့နွဲ့သည် သစ္စာရှိမည်လား။ ဦးကောင်းညွှန့်သည် သစ္စာဖောက်သလားဟု အတိအကျ သိလိုဟန် လက္ခဏာရှိပေသည်။ သစ္စာမတည်သောသူသည် ဘဝသံသရာမရှိဆိုသော သူထက် လောကအတွက် ကြောက်စရာကောင်းပေသည်ဟု သင်ကြားခံယူခဲ့ရ၍ ထိုသစ္စာဆိုသော သဘောအတွက် အဓိပ္ပာယ်နက်ကို လိုက်နေပေသလော။

သစ္စာဆိုသော စကားသည် အလွန်အဓိပ္ပာယ်ကျယ်သည်ဟု မိရွှေသည် ယူဆနေသည်။ မှန်ကန်ခြင်းသည် သစ္စာဟု အများယူဆကြသည်။ ကျေးဇူးရှင်ကို ကျေးစွပ်ခြင်းကိုလည်း သစ္စာမဲ့သည်ဟု ဆိုကြသည်။ အချင်းချင်းအပေါ်၌ မကောင်းကြံခြင်းကိုလည်း သစ္စာဖောက်သည်ဟု ဆိုကြသည်။ သဘောတူပြုလုပ်ရာမှ ဖောက်လွဲဖောက်ပြန်ပြုလုပ်ခြင်းကိုလည်း သစ္စာဖောက်ဟု ဆိုကြသည်။ သစ္စာသည် ဘာလဲဟု ရွှေရွှေ၌ အဓိပ္ပာယ်နက်ကိုတည်းဖြတ်နေဟန် ရှိသည်။

သစ္စာ၊ အသစ္စာ၊ အကိုချေ၍ သစ္စာဆိုလျှင်လည်း ဖြစ်နိုင်သည်။ အ,သစ်စာဆိုခဲ့သော် မိဘရိုးရာဝါဒ၊ ထုံးတမ်းစဉ်လာ လူမျိုးစရိုက်နှင့် ဆန့်ကျင်၍ အသစ်ဖြစ်သောစာကိုလိုက်ခြင်းဖြင့် သစ္စာဖြစ်မလား၊ သစ္စာဖောက်ဖြစ်မလားဟု သူဌေးမကလေး ရွှေရွှေသည် မဝေသာ ၊ မခွဲသာ ဖြစ်နေပေသည်။

ထိုသဘော၌ လူသေသော် ဘဝဆုံးပြီဆိုသောသူ၏ စာသည် အသစ်စာ ဖြစ်သည်။ ထိုစာသည် သစ္စာလား၊ ထိုစာကို လိုက်ခြင်းကြောင့် အမျိုး၏သစ္စာဖောက်ဖြစ်ရာသလော။ ထိုသူ၏ လူသေသော် ဘဝဆုံးပြီဆိုသောစာနှင့် အယူကို ဇနပုဒ်များ၊ တောလက်ကျေးရွာများမှာ သဘောကျသူတို့ ပေါ်လာပေပြီ။ ထိုသဘောသည် ငါတို့ မြန်မာလူမျိုးကို မည်ကဲ့သို့ ဆုံးဖြတ်မည်လဲ။ တို့လူမျိုးသည်လည်း အထက်ကောင်းတုံ၊ ကောင်းစင်၊ ဗန်းမော်အထိ အောက်မြိတ်ကလွန် ဤမာလာယမက ပျံ့နှံ့

mgyoe.com

mgyoe.com

နေချေပြီ၊ ထိုမြန်မာအားလုံး တသဘောတည်း မဖြစ်နိုင်ရာ။ သို့သော် တိုင်းပြည်ကို ကယောင်ချောက်ချားဖြစ်ရန်ကား ရှိနိုင်သည်ဟု ရွှေရွှေသည် ယူဆနေလေသည်။

ရွှေရွှေသည် မည်သို့ လိုက်လျောရမည်နည်းဟု ခက်ခဲနက်နဲသော အမှုသဘောနှင့် ရင်ဆိုင်နေရပြီလော၊ ထိုသို့နှင့်မကြာမီပင် နွဲ့နွဲ့သည် ရွှေရွှေကို လာရောက်ကာ ပင့်ဆောင်သွားလေ၏။

ရွှေရွှေသည် ဦးပြုံး၏အိမ်သို့ အနွဲ့၏ လာရောက်ခေါ်ငင်ခြင်းကြောင့် ရောက်သွားရာ ဦးကောင်းညွန့်နှင့်တကွ အရည်းသုံးပါးကို အခန့်သင့် တွေ့ရလေ၏။ ရွှေရွှေသည် မည်သို့စိမံ ဆောင်ရွက်သတတ်နည်း။ ဦးကောင်းညွန့်၏ သဘောအတိုင်း ညီညွတ်လေအောင် ဆောင်ရွက်မည်လော။

ရွှေရွှေသည် ရောက်လာလတ်သော် ရွှေရွှေသည် ဟန်ဆောင်မှုဋ္ဌိ အလွန်လည်ပတ်သည့်အတိုင်း ဦးပြုံး၏ထံ၌ ရောက်နှင့်နေသူတို့ကို ကြည့်သော မျက်နှာဖြင့် ပျုံပျုံငှာငှာပြုကာ စတင်၍ မင်္ဂလာပြု၏။ ထိုအခါ အရည်းသုံးပါးမှ ခေါင်းဆောင်အရည်း ဦးဓမ္မဝံသာဘိသည် ဤသို့လျှင် စတင်ကာ ဆိုလေတော့၏။

'ဟာ...ယခု အရေးမှာ ဒကာမကြီး ရွှေပါလာလို့ အင်မတန်ကို ဝမ်းသာတာပဲ။ လွယ်လွယ်နှင့်ကိစ္စချောမောလိမ့်မယ်လို့လည်း အားထားမိတာပဲ။ ဒကာမကြီးဟာ တိုင်းပြည်ရဲ့ အားထားရာဖြစ်နေလို့ ဆရာတော်တို့ကပင် အင်မတန် ဝမ်းသာနေကြပါတယ်။ ဒကာမကြီးဟာ အရည်းဂိုဏ်းရော၊ အရည်းဂိုဏ်းဝင်မဟုတ်သူတို့ရော အေးချမ်းသာယာစွာနှင့် သင့်တင့် ညီမျှအောင် ဆောင်ရွက်နေတာကြောင့် အားလုံးကပဲ အားထားနေကြပါတယ်။

ကိုင်း...ဒကာ ဦးကောင်းညွန့်က ဘာဆိုမလဲဆိုပါ...'

ဦးကောင်းညွန့်သည် ပုရပိုက်ကို တင်ပြလေ၏။ ရွှေရွှေလည်း တည်တည်ကြည်ကြည်ပင် အနွဲ့ဖတ်စမ်းပါဟု ဆိုခြင်းကြောင့် နွဲ့နွဲ့သည် အောက်ပါအတိုင်း လူပုံအလယ်တွင် ဖတ်ပြရလေ၏။

'ပုဂံပြည်မြောက်ပြင်၊ ရွေးတော်ယူရပ် ကုန်သည်ကြီး ဦးပြုံးက ညောင်ဦးပြင်သူဌေးဦးကောင်းညွန့်ထံမှ---ခု---လ---ရက်---နေ့တွင် အသပြာနှစ်သောင်းကို အတိုးငွေငါးထောင်ပြု၍ ချေးယူပါသည်။ ထိုအတိုး

mgyoe.com

mgyoe.com
အရင်းပါ ငွေများကို ကမ်းယံပြည်မှ ဦးပြုး၏ နွားဝန်တင်များ ပြန်ရောက်လာလျှင် လာခြင်း ဦးပြုးက ဦးကောင်းညွန့်ထံ အကြေဆပ်ပေးပါမည်။ မပေးမချေနိုင်၍ မဆပ်ဘဲ ပျက်ကွက်ပါက အိမ်ရှိပစ္စည်း အိမ်နှင့်တကွ၊ ဝင်းခြံ၊ ဝန်းခြံအတွင်းရှိ အဆောက်အဦ ပစ္စည်းသစ်ပင်တို့ကို ကျွန်တော်ဦးပြုးက ဦးကောင်းညွန့်ထံ အပ်ပါမည်။

'ဒါဘာဖြစ်သလဲရှင်...'

'ဒကာမကြီး...'

'အမိန့်ရှိပါ ဆရာတော်...'

'ခု ဦးကောင်းညွန့်က သည်ငွေကို လိုချင်ပါသတဲ့'

'လိုချင်တာကို နောက်ထားရှင့်၊ ယခု ဦးပြုးရဲ့ နွားဝန်တင်များ ပြန်ရောက်ပြီလား၊ ရောက်လာလို့ ဘယ်နှစ်ရက်ရှိပြီလဲ...'

'သည်လိုလေ ဒကာမကြီး...'

'အမိန့်ရှိပါ...'

'ကိုင်း ဒကာဦးကောင်းညွန့်ကပြောစမ်း'

'ကိုပြုးကပဲ ပြောပါ...'

'စကားပြန်အဖြစ်နှင့် ငညိုနှင့် ငဖြူတုတ်တို့ ပြန်ရောက်လာပါတယ်။ သူတို့ အမ်းမြို့ကအပြန် အမ်းစခန်းတွင် ခိုးသားဆယ့်ငါးယောက်က နွားဝန်တင်များနှင့် အသပြာများ၊ ကုန်ပစ္စည်းများကိုသာမက လူဆယ်ယောက်ကိုပါ ဖမ်းယူသွားပါတယ်တဲ့...'

'တစ်နေ့ပြန်ရောက်မှာပေါ့...'

'ဟာ...ခိုးသားက ဖမ်းသွားတာပဲ ဘယ်ရောက်နိုင်မလဲ...'

'ဘကောင်းရယ် ကုသိုလ်ကံဆိုတာ ဘယ်မှာ သိနိုင်မလဲ။ ကိုညိုနှင့် ကိုဖြူတုတ်ကိုပဲ ခေါ်စမ်းပါဦး...'

'ရောက်လာပါပြီ...'

'ဟာ အာဂလူစွမ်းကောင်းကြီးတွေပါကလား။ နဂါးရုံ ပုထိုးတော်ပွဲတော်ကြီးမှာ အရည်းဆရာတော် ဦးဓမ္မဝံသာဘိရဲ့ လက်ဝှေ့သမားအကျော်ကြီးတွေပဲ၊ ကိုင်းရှင့် အမိန့်ရှိစမ်းပါ...'

'ကိုင်း မောင်ဖြူတုတ် မင်းပြောကွယ်'
mgyoe.com

mgyoe.com

'ကျွန်တော်တို့ အမ်းစခန်းမှာ ညန္တားဝိုင်းနှင့်စတည်းချကာ အိပ်ကြပြီး နံနက်စောစောထကာ လာဖို့လို့ပြင်ကြတော့ ခိုးသားဆယ့်ငါးယောက်ဟာ ဓား၊ လှံ၊ လေး၊ ဆိပ်လူးမြားကိုယ်စီနှင့်ရောက်လာကာ ကျွန်တော်တို့ လူသိုက်ကို ဖမ်းကြပါတယ်...'

'အော်...ရှင်တို့က ပြောပြပြီး မတောင်းပန်ကြဘူးလား...

'တောင်းပန်ပါတယ်'

'ဘယ်လိုတောင်းပန်ပါသလဲ...'

'ကျွန်တော်တို့ရဲ့ မှူးကြီးကိုခိုင်က ကျွန်တော်တို့ဟာ ပုဂံပြည်ကြီးက ပုဂံပြည်သား၊ ဘုရင့်နေပြည်ဖော်က အရည်းဦးဓဇမ္မဝံသာဘိဒကာကြီး ကုန်သည်ကြီး ဦးပြုံးရဲ့ အမှုထမ်းများပါ။ ခင်ဗျားတို့ ကျွန်တော်တို့ကို တိုက်ယူရင် ဘေးဖြစ်မှာပဲလို့ ပြောပါတယ်'

'ရှင့်စကားက တောင်းပန်တဲ့စကားမှ မဟုတ်ဘဲ ခြိမ်းခြောက်တဲ့ စကားပါလား။ အဲသည်တော့ ခိုးမှူးက ဘာပြောသလဲ...'

'ခိုးမှူးကြီးက လှံကိုကိုင်ပြီး သည်လိုပြောပါတယ်။ ဟေ့ ထိလတ်တဲ့ကွယ်၊ သိတတ်ရင်အသာနေ၊ လျှာမရှည်နှင့် သေကုန်မယ်။ ပန်းတိန်း၊ ငအဲ၊ မှောင်မည်းမည်း၊ ချောင်ထဲမှာခို၊ ရာထောင်ဗိုလ်ကို ငါမမှု...'

'အင်း...'

'လောကဆိုတာ နိုင်သလို လုပ်စား၊ ပါးရာကပေါက်၊ နိုင်သူဟာ တရားရှင်၊ သေချင်ရင်စကားဝင်၊ တောထဲမှာ ငါဘုရင်ပဲ၊ လူကဲမြောက်နေတာ မသိဘူးလားတဲ့'

'အင်း...အာဂပါလား...'

'နင်တို့ရဲ့ ဘုရင်ဟာ လယ်တစ်ကွက်၊ ယာတစ်ကွက်ကိုမှ ညက်အောင် မထွန်တတ်၊ မထွန်နိုင်၊ ဘာလက်မှုပညာကိုမှလည်း မလုပ်နိုင်။ လက်နက်နှင့်အနိုင်ကျင့်ပြီး အလုပ်သမားအမျိုးမျိုးတွေအပေါ်က ခေါင်းပုံဖြတ် အကြီးဆုံးမှတ်ထားတဲ့'

'အင်း...'

'အရည်းဆိုတာ လောကမှာလူလိမ်၊ လူညာကြီးအကြီးဆုံး၊ ငရဲရှိတယ်လို့ခြောက်၊ နတ်သိကြားဗြဟ္မာရှိတယ်လို့မြှောက်၊ သူ့မိသူ့ဘတို့ဟာ ငရဲ၊

mgyoe.com

နတ်၊ သိကြား၊ ဗြဟ္မာတို့ကို မြင်ဖူးကြသလား။ နင်တို့အရည်းတပည့်ရဲ့ ခိုင်းနွားတွေ နင်တို့ရဲ့ ကုန်သည်ကြီး ငပြုံးဟာ လူပေါ်၊ လူဇော်လုပ်ကာ ခေါင်းနှင့်ဝမ်းပျဉ်းသားကို စားမျိုနေတဲ့ လူရေလွှမ်း မျက်ကန်းဘီလူး၊ တတ်နိုင်ကိုင်လာခဲ့။ ခုတောထဲမှာ ငါနိုင်တယ်၊ ငါဟာ တရားရှင်ဆိုပြီး ကျွန်တော်တို့ လူတွေကို ဖမ်းခေါ်သွားပါတယ်'

'အော်...'

'ကျွန်တော်တို့ နှစ်ယောက်ကို၊ စကားပြန်အဖြစ်နှင့် ပြန်လွှတ်လိုက်ပါတယ်...'

'အင်း...ဒကာမကြီး၊ သည်တော့ အစတုံးသွားပြီး သည်နွားဝန်တင်များနှင့် ကုန်သည်မှူးဟာ ပြန်လာရက်မရှိတော့ဘူး၊ သေချာတယ်'

'အရည်းဆရာတော် နားသာပါ'

'ဆို...ဆို...ဆို...'

မိရွှေက အသပြာနှစ်သောင်းငါးထောင်ကိုမဆိုထားနှင့်၊ သုံးသောင်းပေးဖို့ရန် အသင့်ပါ။ သို့သော်...

'ဒကာမကြီး သည်လိုလေ၊ သည်လိုလည်း ဘယ်ဟုတ်မလဲ'

'ဘယ်လိုလဲဆရာတော်...'

'သည်လိုလေ၊ ယခုလို အကြောင်းအားလျော်စွာ တွေ့ကြုံလာတော့ ဒကာမောင်ကောင်းညွှန့်က မောင်းပြုံးထံက အသပြာနှစ်သောင်းငါးထောင်ကိုရယူလိုကြောင်း မပြောနှင့်တော့။ မောင်ပြုံးက မောင်ကောင်းညွှန့်ထံ သမီးနွဲ့နွဲ့ကို ခုလို စုံညီရှေ့တွင်း ထည့်လိုက်ရင်ပြီးတာပဲ။ မကောင်းဘူးလား...'

'ဆရာတော်...ဆရာတော့်စကားအရ အနွဲ့ကို ဦးကောင်းညွှန့်ထံ ထည့်ရမှာက ကျွန်မကလေးအဖြစ်နှင့် သည်အသပြာနှစ်သောင်းငါးထောင်အတွက် ထည့်လိုက်ရမှာလား...'

'သည်လိုမဟုတ်ဘူးလေ...'

'ဘယ်လိုပါလဲ...'

'ဒကာ ကောင်းညွှန့်ရဲ့သား၊ ငမြုးနှင့်အနွဲ့ကို ထိမ်းမြားမင်္ဂလာသဘောပေါ့...'

'လွယ်လိုက်တာ၊ အင်မတန်လွယ်၊ ဒါဟာ တရားပဲဆိုပါတော့။ သို့

mgyoe.com

mgyoe.com

သော် ဆရာတော်ဇဗဟာ ဗေဒင်တတ်၊ အကျော်ပါ၊ သည်နွားဝန်တင်များ ပြန်ရောက်မယ်၊ မရောက်ဘူးဆိုတာကို ဗေဒင်တွက်ကြည့်ပါ...'

'ဟာ...ဆင်ကောင်ကိုတွေ့နေမှ ဆင်ခြေရာကို ရှာရဦးမလား...'

'မဟုတ်ဘူးလေ၊ မိန့်တင်ပြပါမယ်။ ယခု ဘပြုံးရဲ့အရေးက အနွဲ့ အရေးကိုရောက်လာပြီ။ အနွဲ့ဟာ ဘပြုံးရဲ့တစ်ယောက်တည်းဖြစ်တဲ့ အမွေစား၊ အမွေခံသမီးပါ။ အဲသည်တော့ ဘပြုံးရဲ့အကြောင်းထက်၊ အနွဲ့ရဲ့ အကြောင်းက သာပြီးအရေးကြီးနေပါတယ်။ အနွဲ့အပေါ်မှာ ဗေဒင်တွက် ကြည့်ပါ။ သို့မဟုတ် ဆရာတော်တပည့်လက္ခဏာ ဆရာဦးဉာဏ်လင်းထိန် ကိုခေါ်ပြီး ဟောပြောစေပါဦး...'

'ဘယ့်နှယ်...'

'သည်လိုပါ၊ အရေးက အတွေးရခက်ကြီးပါ။ ပုဂံပြည်ဆိုပြီး မဟန် အပလီဖြစ်မှာကို သတိပြုပါ။ အနွဲ့ကို ကိုမြူးနှင့် အိမ်ထောင်ဖက်ပြုဖို့ ဦးကောင်းညွန့်ထံထည့်ရဖို့က မထောင်းတာ။ တကယ်လို့ နွားဝန်တင်များ ပြန်ရောက်လာလို့ရှိသော် ဦးကောင်းညွန့်က အနွဲ့ကို ပြန်အပ်ရလိမ့်မယ်။ ပြန်အပ်တဲ့အခါမှာလည်း အနွဲ့ဟာ ဖိုဆိုယင်ဖိုမနားဖူးတဲ့ အပျိုစစ်စစ်ပါ။ အဲသည် ပြကတေ့အတိုင်း အပျိုစစ်စစ်အဖြစ်နှင့် ပြန်အပ်နိုင်မှာလား။ ဆရာတော် တာဝန်ယူပါ။ မအပ်နိုင်သော် ဦးပြုံးက သူဌေး ဦးကောင်းညွန့်လို စည်းစိမ်ဥစ္စာ၊ လယ်ယာမိုးမြေနှင့်တကွ သိမ်းယူပြီး ကျွန်လုပ်လိမ့်မယ်။ ဒါကို ယခု ပုရပိုက်တင်ရလိမ့်မယ်။ သဘောတူမလား...'

'ထိုအခါ ဟာ...ဟု သူဌေးဦးကောင်းညွန့်တို့နှင့် အရည်းဆရာ တော်များတို့သည် ဟာကြပြီးသော် စကားကြက်တွန်တက်ပြီးလျှင် မဆင် နိုင်ကြသဖြင့် နက်ဖြန်ခါ လက္ခဏာဆရာ ဉာဏ်လင်းထိန်ကိုခေါ်ပြီးလျှင် ဟောပြောစေမည်ဟု အရည်းဆရာတော် ဦးဇဗမ္မဝံသာဘိသည် သဘော တူညီလေ၏။ ဦးကောင်းညွန့်တို့လည်း ထိုအရည်းဆရာတော် သဘော အတိုင်း သဘောညီညွတ်ကြကာ ထိုနေ့ လူချင်းကွဲကြလေ၏။

အရည်းဆရာတော် ဦးဇဗမ္မဝံသာဘိသည်ကား အတော်ပင် ပါးနပ် သည့်လက္ခဏာ ဖြစ်၏။ ၎င်းသည် ဤအခန်း၌ ဗေဒင်ဟောခဲ့သည်ရှိသော် ဒကာနှစ်ယောက်အနက် တစ်ယောက်ယောက်သည် မိမိ၏လက်တွင်းမှ

mgyoe.com

လွတ်ထွက်ရမည်ကို မြင်၏။ ထိုမှတစ်ပါးလည်း ရွှေရွှေသည် ဆရာကောင်းတပည့်ဖြစ်သောကြောင့် မိမိထက် ဗေဒင်ပညာသာကြောင်းကို သိရခြင်းကြောင့် လန့်ခြင်းဖြစ်၏။ ထို့ကြောင့် ထိုတိုက်ပွဲတွင် ၎င်း၏စစ်သူကြီးဉာဏ်လင်းထိန်နှင့် တိုက်မည်ကို သဘောတူလိုက်၏။

သူဌေးမကလေးရွှေရွှေသည် မည်သို့သော သဘောနှင့်မည်ကဲ့သို့အကွက်ချမည်ကို အထူးသတိထားဖွယ် ဖြစ်၏။ စင်စစ် ရွှေရွှေသည် လူမျိုးကိုတွန်းပစ်၍ ဆက်ဆံပြီးလျှင် ဆွဲခေါ်ကာ မပေါင်းသင်းခြင်း ဖြစ်၏။ သို့သော်၎င်းနှင့်တွေ့ရသမျှသောသူတို့သည် သန္တာလန်သကဲ့သို့ ဖြစ်ကြရ၏။ ယင်းသို့တပြီးကား ၎င်းသည် တစ်ဦး၏ အကျိုးမကြည့်ဘဲ အများ၏အကျိုးကိုကြည့်၍ ဉာဏ်စစ်ထိုးခြင်းဖြင့် ဆောင်ရွက်ရာတွင် မြွေလည်းသေသည်။ တုတ်လည်းကျိုးရမည်ဟု သဘောထားပြုပုံရလေသည်။ မြွေသည် ဘယ်လိုလဲ၊ တုတ်သည် ဘယ်လိုလဲဟု စဉ်းစားဖွယ်ရာသာ ရှိပေသည်။

ရွှေရွှေသည် ၎င်း၏အိမ်၌ ညအချိန် ၎င်း၏မိန်းမကလေးသုံးယောက်နှင့် ငြိမ်းအေးစွာ စကားပြောဆိုနေစဉ် လက္ခဏာဆရာဉာဏ်လင်းထိန်သည် ရောက်လာပြီးလျှင် ဤသို့ စကားဆိုကြလေ၏။

"မမရွှေ ဘာကိစ္စ...'

'ရှင့်အကျိုးပါ...'

'အမိန့်ရှိပါ...'

'ရှင်သိလိုတဲ့ အဝတ်တွင်း လက္ခဏာအရပ်ရပ်ကို သိလိုလျှင် ပြမလို့ပါ...'

'ဟာ...မမရွှေကလည်း...'

'ရှင်ဟာ ထင်ပေါ်ကျော်စောပြီးသော် လူရေးလုချင်သလား...'

'မမနှယ် ဘာပြောစရာရှိမလဲ...'

'ကောင်းပြီ'ဆို၍ ရွှေရွှေသည် သဘောထား အစီအစဉ်ကို ပြောပြလေရာ ဉာဏ်လင်းထိန်သည် ကောင်းပါသည်ဟု ကတိယူလေ၏။

'ရှင် ကတိမြဲမှာလား...'

'မြဲမှာပါ...'

'ရှင်ဟာ လူလိမ်...'

mgyoe.com